www.dhammaransi.com

# မေတ္တာနှလုံးအလှဆုံး

တိပိဋကဓရ(ယော)ဆရာတော်



www.dhammaransi.com



www.dhammaransi.com

# မေတ္တာနှလုံး အလှဆုံး

တိပိဋကရေ (ယော)ဆရာတော်

www.dhammaransi.com

# ပုံနှိပ်မှတ်တမ်း

■ စာမူခွင့်ပြုချက်အမှတ်

၂/၉၈ (၁၂)

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၁၀/၉၈ (၁၂)

■ ထုတ်ဝေခြင်း

ပထမအကြိမ်၊ အုပ်ရေ ၁,၀၀၀၊

တန်ဖိုး ၁၄၀ ကျပ်

■ ထုတ်ဝေသည့်ကာလ

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ

■ အတွင်းသားပုံနှိပ်

ဒေါ်ရှုခင် (၀၅၄၄၉)၊ ဝင်းလိုက်မိတ်ပုံနှိပ်တိုက်

၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။

■ မျက်နှာဖုံးပုံနှိပ်

ဦးကျော်စိ (၀၂၉၀၉) ကျောက်စိမ်းပုံနှိပ်တိုက်

၁၇၁၊ ၃၃ လမ်း၊ ရန်ကုန်။

■ ထုတ်ဝေသူ

ဦးကျော်ဆန်း(၀၉၃၂)၊ ရဲအောင်စာပေ

အမှတ် (၂)၊ ချွန်း(၁)လမ်း၊ ပုသိမ်ညွန့်၊ ရန်ကုန်။

■ မျက်နှာဖုံးဒီဇိုင်း (အောင်မိုး)

**သိရှိ စီစဉ်သည်။**

F. 1B

www.dhammaransi.com

၂၅၅၃၃

ဒဂုံတက္ကသိုလ်တက္ကသိုလ်ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂.၅၂.၅၃.၃
ရက်စွဲ............
သုတေသနစာကြည့်တိုက်

ဖြန့်ချိရေး

## သိဂီရွှေရည်စာပေ

အမှတ် ၂၂၀ (မြေညီ) ၂၉လမ်း၊
ရန်ကုန်။ ဖုန်း- ၀၁-၂၄၂၃၆၇။

## ရွှေစန္ဒာထွန်းစာပေ

အမှတ် ၉၆- (မြေညီ)၊ ၃၈ လမ်း၊
ရန်ကုန်။ ဖုန်း ၀၁-၂၄၃၈၇၀

www.dhammaransi.com

တစ်ကမ္ဘာလုံးမှာ ဗုဒ္ဓသာသနာ
တစ်လုံးမှ မပြောင်းသွားရအောင်
ဖွဲ့ရှိရှိ ထိန်းထားနိုင်တာ
မြန်မာတစ်နိုင်ငံထဲပါ။

တိပိဋကဓရ
(ယော)ဆရာတော်

www.dhammaransi.com

# မာတိကာ


| | | |
|---|---|---|
| မေတ္တာနှလုံး အလှဆုံး | ... | ၁ |
| ဆွဲအားနှင့် ခွဲအား | ... | ၄ |
| ဘာသာပေါင်းစုံတို့၏ပေါင်းဆုံရာ | ... | ၆ |
| ဗုဒ္ဓရတနာ, ဗုဒ္ဓဘာသာ | ... | ၁၁ |
| စိတ်ကောင်းလေးနှင့် အလှဆင်မည် | ... | ၁၃ |
| လူ့ဘဝတန်ဖိုး | ... | ၁၅ |
| လောကကိုအလှဆင်မည့် | | |
| ဗုဒ္ဓသာသနာ | ... | ၁၇ |
| ကမ္ဘာ့အချမ်းသာဆုံးလူ | ... | ၂၅ |
| မေတ္တာဆိုတာသမာဓိတရား | ... | ၃၃ |
| ကောက်ရိုးကုန်သည်,ပုတ်ကုန်သည် | ... | ၃၄ |
| စိန်ကုန်သည်, ရွှေကုန်သည် | ... | ၃၅ |
| လူ့ဘဝရလဒ် (၃)ခု | ... | ၃၇ |
| အာရုံနဲ့ စိတ်အဆင်ပြေအောင် | ... | ၄၀ |
| နာမည်ကောင်း ကျန်ရစ်ဖို့ | ... | ၄၄ |
| ယင်ကောင်ပမာ, ရှုပ်ထွေးစွာ | ... | ၅၁ |
| ပျားကောင်ပမာ, ဖြောင့်မှန်စွာ | ... | ၅၆ |

www.dhammaransi.com


ပျားအုံ ... ၆၂
တရားပျားရည် ... ၆၅
ပန်း (၃) ပွင့် ... ၆၇
ချိန်သီးနှင့်လက်တံ ... ၆၉
တရားကွင်းဆက် မမိသူများ ... ၇၂
သတိဆိုတာ ... ၇၄
ဘယ်သူမှမအားဘူး ... ၇၈
ပညာချိန်သီး ... ၇၉
သာသနာ့ဓာတုဗေဒဓာတ်ခွဲနည်း ... ၈၁
မီးဖိုချောင်ထဲမှာ တရားရှာ ... ၈၆
ကိုယ့်အလုပ်ကိုယ်လုပ်ပါ ... ၉၀
အားထုတ်ခြင်း (၂)မျိုး ... ၉၂
ဒေါသနှလုံးအဆိုးဆုံး ... ၉၈
မရတာကိုရအောင်လုပ် ... ၁၀၁
အာရုံကိုပုံဖော်ပါ ... ၁၀၃
ဗုဒ္ဓထံက စွမ်းအားယူပါ ... ၁၀၄
စိတ်ဆိုသည်မှာ ... ၁၀၈
နားလည်သူက ခွင့်လွှတ်ကြ ... ၁၁၀

www.dhammaransi.com

သတိမလွတ် ဝီရိယမရပ်

ပညာမျက်စိမမှိတ် ... ၁၁၃
မေတ္တာစကား ... ၁၁၅
ဘုရားသွားအတူတူ ... ၁၁၇
မေတ္တာနှလုံးသားပိုင်ရှင် ... ၁၁၉
ရတနာထုပ်ကြီးဖြစ်အောင် ... ၁၂၁
ပစ္စည်းကရန်တိုက်တယ် ... ၁၂၄
ကောင်းကွက်တွေကိုမြင်အောင်ကြည့် ... ၁၂၇
မေတ္တာနှလုံးအလှဆုံး ... ၁၃၀

www.dhammaransi.com

လူသည် တရားကင်းကွာသွားပြီ ဆိုရင် ဒေါသ အပူအခိုးအငွေ့ ကိန်းသွားပြီဆိုရင် တိရစ္ဆာန်ထက် တောင်မှ ကြောက်စရာအဖြစ် ရောက်သွားတတ်ပါတယ်။

လူကြောင့်
ဖြစ်သောအန္တရာယ်သည်
လောကမှာ အကြီးမားဆုံးပါ၊

တိပိဋကဓရ
(ယော)ဆရာတော်

www.dhammaransi.com

# မေတ္တာနှလုံး အလှဆုံး

*၁၉၉၈ ခုနှစ် ဧပြီလ (၅) ရက်နေ့တွင်၊ ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကြီး (က) ရပ်ကွက်၊ ၁၅၅ လမ်း ဝိသာခါရုံ၌ ဆွမ်းအလှူ၊ အောင်ပွဲကို အကြောင်းပြု၍ ဓမ္မလက်ဆောင် အဖြစ် ဟောကြားသောတရားဖြစ်သည်။*

ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးဟာ မေတ္တာ သာသနာတော်မြတ်ကြီး ဖြစ်ပါတယ်၊ လူ့ရဲ့ နှလုံးသားတွေထဲမှာ မေတ္တာနှလုံးသားသည် အလှဆုံး အထည်ဝါဆုံးဖြစ်တယ်၊ အပြန်အလှန်အားဖြင့် လူ့ရဲ့ နှလုံးသား တွေထဲမှာ ဒေါသနှလုံးသားသည် အကျည်းတန်ဆုံး အရုပ်ဆိုးဆုံး ကြောက်စရာ အကောင်းဆုံး ဖြစ်ပါတယ်။

www.dhammaransi.com



ကြောက်စရာအကောင်းဆုံး သတ္တဝါ ဘယ်သူလဲလို့ ရှာကြည့်စမ်းပါ၊ တရားကင်းကွာသော ဒေါသနှလုံးသားပိုင်ရှင် ဖြစ်တဲ့လူသည် လောကမှာ ကြောက်စရာအကောင်းဆုံး သတ္တဝါပါ။

လူသည် တရားကင်းကွာသွားပြီဆိုရင် ဒေါသအပူအခိုးအငွေ့ ကိန်းသွားပြီဆိုရင် တိရစ္ဆာန် ထက်တောင်မှ ကြောက်စရာအဖြစ် ရောက်သွားတတ်ပါတယ်၊ လူ့ကြောင့်ဖြစ်သော အန္တရာယ်သည် လောကမှာ အကြီးမားဆုံးပါ။

လောကမှာ ချစ်စရာ အကောင်းဆုံး၊ အားကိုးစရာ အကောင်းဆုံး၊ မြတ်နိုးစရာ အကောင်းဆုံး၊ ဘယ်သူလဲလို့ ရှာလိုက်ပြန်တော့ လူပါ၊ မေတ္တာနှလုံးသားပိုင်ရှင်ဖြစ်သောလူသည် လောကမှာချစ်စရာ၊ မြတ်နိုးစရာ၊ အားကိုးစရာ အကောင်းဆုံး။

ဒါကြောင့် လောကမှာ ကြောက်စရာ အကောင်းဆုံး သတ္တဝါလဲပဲ၊ ဒေါသနှလုံးသား ပိုင်ရှင် "လူ"ဖြစ်တဲ့ ပုဂ္ဂိုလ်သာ ကြောက်စရာ အကောင်းဆုံးပါ။

www.dhammaransi.com



လောကမှာ အိမ်တံခါးပိတ်ကြရတာတွေ၊ ဝင်းခြံခတ်ရတာတွေ၊ သော့ခတ်ကြရတာတွေဟာ အဓိကတော့ လူကို ကြောက်လို့ပါ။

အစောင့်အရှောက်ချထားကြရတာတွေ အဓိကအားဖြင့် လူကို ကြောက်လို့ပါ၊ ဒါကြောင့် လောကမှာ လူသာကြောက်စရာအကောင်းဆုံးဖြစ်တယ်၊ အပြန်အလှန်အားဖြင့် လောကမှာ ချစ်စရာ မြတ်နိုးစရာ၊ အားကိုးစရာ အကောင်းဆုံး သတ္တဝါဆိုတာလဲ၊ မေတ္တာနှလုံးသားပိုင်ရှင်ဖြစ်သော လူဖြစ်တဲ့ ပုဂ္ဂိုလ်သာ မြတ်နိုးအားကိုးစရာ အကောင်းဆုံးပါ။

www.dhammaransi.com

# ဆွဲအားနှင့် ခွဲအား

မေတ္တာတရားသည် လောကရဲ့ အကြီးမားဆုံးသော "ဆွဲအား" ဖြစ်ပါတယ်၊ ဒေါသတရားသည် လောကရဲ့ အကြီးမားဆုံးသော "ခွဲအား" ဖြစ်တယ်၊ လူ(၂)ယောက်ထဲတောင် အတူတည့်အောင် နေလို့မရအောင် ခွဲပြစ်တာ ဒေါသတရားပါ။

လောကရဲ့ အကြီးမားဆုံးသော ဆွဲအားဆိုတာက မေတ္တာတရားလေ၊ ရာပေါင်းများစွာ ထောင်ပေါင်းများစွာ၊ အများကြီး ပေါင်းစုပြီး နေတာတောင်မှ ဘယ်ပြဿနာမှ မဖြစ်အောင် တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေနိုင်အောင် ဆောင်ရွက်ပေးနိုင်တဲ့ စွမ်းအားက မေတ္တာတရား၊ ဒါကြောင့် မေတ္တာတရားဟာ လောကမှာ အကြီးမားဆုံးသောဆွဲအား၊ အများကြီးနေပေမယ့်

www.dhammaransi.com



ပျော်စရာ ကြည်နူးစရာ ခန့်ညားထည်ဝါ ကျက်သရေ ရှိအောင် ဆောင်ရွက်ပြီးတော့ ပေးနိုင်တဲ့ စွမ်းအား။

ဒါကြောင့် ၁၅၅ လမ်း၊ ပရိသတ်အပေါင်းသူတော်ကောင်းတွေ မေတ္တာတရားနဲ့ ပေါင်းစုပြီး ဆောင်ရွက်ကြတော့ ကိုယ့်အလုပ်ဟာ မေတ္တာအရင်းခံတော့ အင်မတန်မှ ကြည်နူးစရာကောင်းတယ်၊ ကိုယ့်စိတ်ကောင်းလေးတစ်ခု ထားလိုက်တာနဲ့ သာသနာအတွက်၊ အကျိုးများပြီး သွားလိုက်တာကလဲ၊ တွေးလိုက်တိုင်း၊ တွေးလိုက်တိုင်း ကြည်နူးဖို့ သိပ်ကောင်းတယ်။

ကိုယ့်စိတ်ကောင်းလေးတစ်ခု ထားလိုက်တာနဲ့ အများကုသိုလ် တရားတွေ ပွားလိုက်ကြတာ၊ စွမ်းအားတွေ ရလိုက်ကြတာ အများကြီးပါ။

* * *

www.dhammaransi.com

# ဘာသာပေါင်းစုံတို့၏ ပေါင်းဆုံရာ

မေတ္တာဆိုတာဟာ ဘာသာပေါင်းစုံတို့ရဲ့ တစ်ခုတည်းသော ပေါင်းဆုံရာတရား၊ လောကမှာ ဘယ်ဘာသာမဆို၊ မေတ္တာကို မလိုချင်တဲ့ ဘာသာ၊ ဘယ်ဘာသာမှ မရှိပါဘူး၊ ဘာသာအားလုံးသည် မေတ္တာကို လက်ခံတယ်။

ကိုယ့်နှလုံးသားထဲမှာ မေတ္တာထားစရာ နေရာမရှိရင်သာ၊ မေတ္တာကို မပွားဖြစ်လို့ ရှိရမယ်၊ မေတ္တာမလိုချင်လို့ မပွားတာတော့ မဟုတ်ပါဘူး၊ ဘာသာအားလုံး ဘယ်ဘာသာမဆို မေတ္တာတရားကို လက်ခံတယ်၊ မေတ္တာတရားကို မြတ်နိုးတယ်၊ ဒါကြောင့် မေတ္တာဆိုတာ ဘာသာအားလုံးတို့ရဲ့ တစ်ခုတည်းသော မြတ်နိုးစရာပေါင်းဆုံစရာ

www.dhammaransi.com



ဖြစ်တဲ့ တရားပါ၊ ပေါင်းဆုံတော့လဲ ပျော်ရွှင်ချမ်းမြေ့စွာ ပေါင်းဆုံလို့။

တစ်ခါ မေတ္တာဆိုတာ လူမျိုးပေါင်းစုံတို့ရဲ့ တစ်ခုတည်းသော ပေါင်းဆုံရာ တရားပါ၊ ကမ္ဘာမှာ ဘယ်လူမျိုးမဆို မေတ္တာမလိုချင်တဲ့ လူမျိုးရယ်လို့ ဘယ်လူမျိုးမှ မရှိပါဘူး၊ လူမျိုးတိုင်း လူမျိုးတိုင်းသည် မေတ္တာတရားကို မြတ်နိုးကြတာချည်းပါပဲ။

ကိုယ့်ရဲ့ နှလုံးသား ခန္ဓာအစဉ်မှာ မေတ္တာထားစရာ နေရာမရှိလို့သာ မေတ္တာမပွားဖြစ်လို့ ရှိရမယ်၊ မေတ္တာမလိုချင်လို့ မပွားကြတာတော့ မဟုတ်ပါဘူး၊ ကိုယ်က မပွားနိုင်ရင်တောင် မေတ္တာရှင်ကြီးများရဲ့ မေတ္တာဓာတ်ကိုတော့ အမြဲတမ်းတောင့်တနေကြတာပါ၊ ဒါကြောင့်လဲ မေတ္တာတရားဆိုတာ လူမျိုးအားလုံးတို့ရဲ့ တစ်ခုတည်းသော ပေါင်းဆုံရာ တရားပါ။

မေတ္တာတရားဆိုတာ သတ္တဝါအားလုံးတို့ရဲ့ တစ်ခုတည်းသော ပေါင်းဆုံရာ တရားပါ၊ ဘယ်သတ္တဝါမဆို မေတ္တာမလိုချင်တဲ့ သတ္တဝါ မရှိပါဘူး၊

www.dhammaransi.com



တိရစ္ဆာန်တွေကအစ၊ မေတ္တာ သိပ်လိုချင်ကြတာပေါ့၊ သူတို့ရဲ့စိတ်အစဉ် သန္တာန်မှာ မေတ္တာတရား ထားစရာနေရာမရှိလို့သာ၊ မေတ္တာ မပွားတတ်ကြလို့သာ မေတ္တာကို မပွားဖြစ်လို့ ဖြစ်ရမယ်၊ မေတ္တာမလိုချင်လို့ မဟုတ်ပါဘူး။

ကိုယ်မပွားတတ်၊ မပွားနိုင်ရင်တောင်မှ မေတ္တာရှင်ကြီးများထံက မေတ္တာဓာတ်ကိုတော့ အမြဲတမ်း တောင့်တကြစမြဲပါ၊ ဒါကြောင့် မေတ္တာတရားဟာ သတ္တဝါအားလုံးရဲ့ တစ်ခုတည်းသော ပေါင်းဆုံရာ တရားပါ၊ ဒါကြောင့်

* **ဘာသာအားလုံး၊ ရှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး။**

ဘာသာအားလုံးရဲ့ ရှင်ပြုံးကြည်သာစွာ အတူတကွ မျက်နှာချင်းဆုံပြီးတော့ ပျော်ရွှင်ချမ်းမြေ့စွာ ပေါင်းဆုံရာ တရားက "မေတ္တာ" တစ်ခုတည်းပါ၊

* **လူမျိုးအားလုံး၊ ရှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာ အလှဆုံး။**

ကမ္ဘာ့လူမျိုးတွေ အားလုံး တစ်မျိုးနဲ့တစ်မျိုး၊ ပျော်ရွှင်ချမ်းမြေ့ ပြုံးရွှင်စွာဖြင့် အေးမြ F. 1

www.dhammaransi.com



ကြည်သာပေါင်းဆုံရာဖြစ်တဲ့ တရားသည် မေတ္တာတရားပါ။

* **သတ္တဝါအားလုံး ရွှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာ အလှဆုံး။**

သက်ရှိသတ္တဝါတွေ အားလုံး၊ ရွှင်ပြုံးကြည်သာ၊ ကြည်လင်စွာ အေးချမ်းစွာ၊ သာယာစွာနဲ့ အတူတကွ ပေါင်းဆုံရာဖြစ်တဲ့ တစ်ခုတည်းသော တရားဟာ မေတ္တာတရားပါပဲ။

အဲဒီ မေတ္တာတရား လက်ကိုင်သုံးကြရင်၊ ပရိသတ်အပေါင်း သူတော်ကောင်းတွေ ပျော်ပြီးတော့နေကြတာ၊ ကိုယ့်နှလုံးသားက အင်မတန်အေးချမ်းလွန်းလို့ ပျော်ကြတာပေါ့။

ကိုယ့်ပစ္စည်း အလကားပေးရတာကိုပျော်လို့၊ ဝေယျာဝစ္စ ကုသိုလ်တွေ ဆောင်ရွက်ကြရတာ မေတ္တာအရင်းခံတော့ ပျော်လို့၊ စွမ်းအားကိုရအောင် ယူနိုင်ကြတော့လဲ ကြည်နူးစရာအင်မတန်ကောင်းတယ်ပေါ့။

* **ဘာသာအားလုံး၊ ရွှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး၊**

www.dhammaransi.com



- လူမျိုးအားလုံး ရွှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး၊
- သတ္တဝါအားလုံး ရွှင်ပြုံးကြည်သာ၊ ပေါင်းဆုံရာ၊ မေတ္တာအလှဆုံး။

ဒါကြောင့် ကောင်းစွာထူးခြား နီးကြားတက်ကြွ၊ နှစ်ဖက်လှရ လေအောင်၊ မေတ္တာနှလုံး၊ အလှဆုံးဖြင့်၊ ကောင်းစွာမသွေ၊ နီးကြားနိုင်ကြလေကုန်သတည်း။

* * *

F. 2E

# ဗုဒ္ဓရတနာ၊ ဗုဒ္ဓဘာသာ

မေတ္တာနှလုံးသားပိုင်ရှင်များ ကြည့်ရတာ၊ ဘယ်တော့မှ ထုံထုံထိုင်းထိုင်းကြီး မဟုတ်ဖူး၊ အပူအခိုးအငွေ့တွေနဲ့ ပူလောင်စွာ နေကြတာလဲ မဟုတ်ဖူး၊ တက်တက်ကြွကြွ၊ နိုးနိုးကြားကြား၊ ရွှင်ရွှင်လန်းလန်း၊ သန့်သန့်ရှင်းရှင်း အေးအေးမြမြ၊ စစ်မှန်စင်ကြယ် နှလုံးသားနဲ့ ကိုယ့်ကို ကိုယ်လဲ အလှဆင်လို့၊ အများကိုလဲ အလှဆင်လို့ လောကကိုလဲ အလှဆင်လို့၊ သာသနာကိုလဲအလှဆင်ပြီးမှ၊ အေးချမ်းစွာ စွမ်းအားကို ဆောင်ရွက်ပြုလုပ် အားထုတ်တတ်ကြပါတယ်။

" လှူချမ်းသာရဲ့ အနှစ်ချုပ်ဆိုတာ၊ စိတ်သန့်ရှင်းစင်ကြယ်မှုသာ ပဓာနပါ။"

www.dhammaransi.com



ဗုဒ္ဓရတနာဆိုတာ၊ "ဗုဒ္ဓဘာသာလို့" နာမည်တပ်ပေးရုံ ပေါ်လာခြင်းမဟုတ်ပါ၊ ဗုဒ္ဓရတနာသည် ဗုဒ္ဓဘာသာလို့ ကျဉ်းမြောင်းတဲ့ ဘာသာရေး ဘောင်တံတိုင်းခတ်ပေးဖို့ ပေါ်လာခြင်းလဲ မဟုတ်ပါ။

လူမျိုးမရွေး၊ ဘာသာမရွေး၊ ပုဂ္ဂိုလ်မရွေး၊ သတ္တဝါ မရွေး၊ ဘဝခန္ဓာ အခက်အခဲအားလုံးကို မှန်ကန်သောလမ်းစဉ်ဖြင့် ဖြေရှင်းပေးဖို့သာ ပေါ်လာခြင်း ဖြစ်ပါတယ်၊ ကျယ်ကျယ်ပြန့်ပြန့်၊ လွတ်လွတ်လပ်လပ်၊ ဘာဘောင်တံတိုင်းမှ မရှိဘူး။

စစ်မှန်တဲ့မေတ္တာ၊ စစ်မှန်တဲ့ ဂရုဏာ၊ စင်ကြယ်တဲ့ လမ်းကြောင်းနဲ့၊ အေးမြကြည်လင်စွာနဲ့၊ ပေါ်လာတဲ့ လမ်းကြောင်း ဖြစ်တယ်၊ ဒါကြောင့် မေတ္တာနှလုံးသားပိုင်ရှင်များဟာ နီးနီးကြားကြား၊ တက်တက်ကြွကြွ၊ စင်စင်ကြယ်ကြယ် အေးအေးချမ်းချမ်းနဲ့ ကိုယ်ပိုင်စွမ်းအားကိုလဲ ယူတတ်ကြတယ်။

* * *

www.dhammaransi.com

# စိတ်ကောင်းလေးနှင့် အလှဆင်မည်

မိမိစိတ်ကောင်းလေးကြောင့် အများကိုလဲ အလှဆင်မယ်၊ လောက သာသနာတော်ကြီးကိုလဲ အလှဆင်မယ်လို့၊ စင်ကြယ်အေးချမ်း မြင့်မြတ်တဲ့ စိတ်ထားဖြင့် စွမ်းနိုင်တဲ့ဘက်က အလှဆင်ပြီး တော့ပေးမယ်၊ နာမည်ကောင်းလေးတွေ ရပြီး စွမ်းအားကိုလဲ ရအောင် ယူနိုင်ကြတယ်။

မိမိတို့ ဆောင်ရွက်လိုက်တဲ့ ကိစ္စဟာ၊ ပစ္စည်းတန်ဖိုးအားဖြင့် တယ်ပြီး မများလှဘူး ထင်သော်လဲပဲ၊ မေတ္တာအရင်းခံသောကြောင့် အသိ တရား အရင်းခံသောကြောင့် တန်ဖိုးဆုံးဖြတ်လို့ မရပါဘူး။

သာသနာဘက်က ဓမ္မမျက်လုံးတပ်ပြီး တော့ မေတ္တာမျက်လုံးတပ်ပြီးတော့ ကြည့်လိုက်တဲ့

www.dhammaransi.com



အခါ၊ တန်ဖိုးဆုံးဖြတ်လို့မရဘူး၊ ဩော်...သိ တတ်လိုက်ကြတာ၊ စိတ်ကောင်း ထားတတ် လိုက်ကြတာလို့၊ ပညာရှိ သူတော်ကောင်းတွေ ချီးကျူးစရာ၊ မြတ်နိုးစရာ၊ ဂုဏ်တင်စရာ၊ အားကိုး စရာ၊ စွမ်းအားပိုင်ရှင်တွေအဖြစ် လှပတင့်တယ်၊ ထည်ဝါ ခန့်ညားစွာဖြင့် မြင့်မားပြီးတော့ နေကြ တယ်။

www.dhammaransi.com



# လူ့ဘဝတန်ဖိုး

တကယ်တော့ လူ့ဘဝတန်ဖိုးကို ပစ္စည်းနဲ့ ဆုံးဖြတ်တာမှ မဟုတ်ဘဲ၊ တရားနဲ့ ဆုံးဖြတ်တာပါ။

စင်ကြယ်မြင့်မြတ်တဲ့၊ မေတ္တာအရင်းခံတဲ့ မြင့်မြတ်တဲ့ တရားဖြင့်သာ၊ လူ့ဘဝတန်ဖိုးကို ဆုံးဖြတ်ပါတယ်။

ဪ...သူဟာ၊ တစ်နေ့တစ်နေ့ ပိုက်ဆံ ဘယ်နှစ်သောင်း၊ ဘယ်နှစ်သိန်းရအောင် ရှာနိုင်လို့ လူ့ဘဝတန်ဖိုး ပိုမြင့်မားလှပြီဟဲ့လို့ တွက်လို့ မဖြစ်ပါဘူး၊ စိတ်သန့်ရှင်းစင်ကြယ်ခြင်း မရှိရင် ပစ္စည်းတွေ ရှိငြားသော်လဲပဲ အရှိသည် ကိုယ့်ကို

www.dhammaransi.com



ပြန်ဒုက္ခ ပေးတတ်ပါတယ်၊ အရှိကြောင့်သာ ပူရပါတယ်။

မေတ္တာဆိုတဲ့ တရားစွမ်းအား နှလုံးသားမှာ ကိန်းနေတဲ့ ပုဂ္ဂိုလ်တွေကျတော့ အလှတန်ဆာ ဆင်နိုင်တယ်၊ လူ့ဘဝတန်ဖိုး မြင့်မားသွားစေ နိုင်တယ်။ လက်ထဲမှာရှိတဲ့ ပစ္စည်းတွေ တန်ဖိုး ကြီးမားသွားစေနိုင်တယ်၊ ဖြုန်းတီးမှုဘက်ကို မရောက်တော့ပါဘူး။

ဒါကြောင့် မေတ္တာနှလုံးဟာ အလှဆုံး၊ ဘဝကိုလဲလှစေတယ်၊ ပစ္စည်းတွေကိုလဲ လှစေ တယ်၊ ကိုယ့်ဟာကိုယ်သာ အလှဆင်နိုင်တာ မဟုတ်၊ အများကိုလဲ အလှဆင်ပေးနိုင်တယ်၊ တစ်ချက်ခုတ်လိုက်တာနဲ့ နှစ်ချက်, နှစ်ချက် ပြတ်ပြတ်ပြီးတော့ နှစ်ကိစ္စ၊ နှစ်ကိစ္စ၊ မိမိသူတစ်ပါး၊ လောကသာသနာ ကိစ္စတွေ ပြီးပြီးတော့ သွားရ တယ်။

* * *

# လောကကို အလှဆင်မည့်
# ဗုဒ္ဓသာသနာ

ဗုဒ္ဓမြတ်စွာသည် ကမ္ဘာကိုအလှဆင်ဖို့၊ ဗုဒ္ဓသာသနာသည် လောကကို အလှဆင်ဖို့ ပေါ်လာခြင်းပါ၊ လောကကို ရုပ်ပစ္စည်း တစ်မျိုးထဲနဲ့ အလှဆင်ရုံနဲ့ အလှသည် မလုံလောက်ပါ။

မေတ္တာစသော တရားအလှမပါပဲနဲ့၊ ရုပ်ဝတ္ထုတစ်မျိုးထဲနဲ့ အလှဆင်နေရင် အချိန်မရွေး မီးထတောက် ပေါက်ကွဲပြီးကျ ဒုက္ခ ဖြစ်သွားနိုင်ပါတယ်။

တရားစွမ်းအားနဲ့တွက်ပြီး အလှဆင်ပေးမှ၊ တည်ငြိမ်မယ့် ရင့်ကျက်မယ်၊ အေးချမ်းမယ်၊

www.dhammaransi.com



စွမ်းအားပြည့်မယ်၊ မြင်မားပြီးတော့ ထူးခြားတဲ့ စွမ်းအားရမယ်၊ ဒါကြောင့်

**ဤသာသနာ၊ ငြိမ်းချမ်းစွာ၊ ကမ္ဘာကြီးကို လှစေသည်။**

သာသနာသည် ကမ္ဘာကို အလှဆင်ဖို့ ပေါ်လာတာ၊ ဤကမ္ဘာကြီးကို ရုပ်ဝတ္ထုတစ်မျိုးတဲ့ အလှဆင်ရုံလေးနဲ့ အလှမစုံလင်ဘူး၊ တရားအလှ ပါ တွဲပြီးတော့ အလှဆင်ပေးမှ လောကကြီး လှမယ်၊

ကမ္ဘာကို အလှဆင်ပေးတော့လဲ၊ ဘယ်သူ့ကိုမှ အထိတ်တလန့်ဖြစ်အောင် မလုပ်ပါဘူး၊ ဗုဒ္ဓသာသနာသည် ဘယ်သူ့ကိုမှ ပူလောင်အောင် ချောက်ခြားအောင် ထိတ်လန့်အောင် မလုပ်ပါဘူး၊ တည်ငြိမ်စွာ၊ ရင့်ကျက်စွာ အေးချမ်းစွာနဲ့ အလှဆင်ပေးတဲ့ လမ်းကြောင်းကြီးပါ။

* **မြန်မာ့ဌသာ၊ သာသနာ၊ ခိုင်မာပြည့်စုံသည်။**

အဲဒီကမ္ဘာကိုအလှဆင်ပေးနိုင်တဲ့ သာသနာကလဲ၊ တစ်ကမ္ဘာလုံးမှာ မြန်မာပါပဲ၊ ထေရဝါဒ

www.dhammaransi.com



နိုင်ငံတွေတောင်မှ၊ မြန်မာကို မမီကြတော့ပါဘူး၊ ခေတ်နောက်ကို ပြောက်တာများသွားပြီး၊ လောကီဆန်တာ များသွားပြီ။

တစ်ကမ္ဘာလုံးမှာ ဗုဒ္ဓသာသနာ၊ တစ်လုံးမှ မပြောင်းသွားရအောင် ဒွန့်ရှိရှိ ထိန်းထားနိုင်တာ မြန်မာတစ်နိုင်ငံထဲပါ၊ နိုင်ငံခြားက ရောက်လာတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီအတိုင်းပဲ ပြောကြပါတယ်။

ထိုင်းနိုင်ငံကလဲ ဒီအတိုင်းပဲ ပြောကြပါတယ်၊ ဗုဒ္ဓသာသနာနဲ့ ပတ်သက်လာရင်တော့ တပည့်တော်တို့လဲ မြန်မာနိုင်ငံကို မော်ကြည့်ရတော့တာပဲတဲ့၊ ထိုင်းနိုင်ငံက ဆရာတော်ကြီးများကိုယ်တိုင် အမိန့်ရှိပါတယ်။

ဒါကြောင့် ထေရဝါဒ နိုင်ငံတွေရှိတဲ့ထဲမှာ တောင်မှ တစ်ကမ္ဘာလုံးမှာ၊ ဒွန့်ရှိရှိနဲ့၊ တစ်လုံးတစ်ပါဒမှ မပျောက်ရအောင် ထိန်းထားနိုင်တဲ့ တိုင်းပြည်ဟာ မြန်မာပြည်ပါ။

ဘာလို့များ သာသနာခိုင်မာနေရတာလဲ၊ ပြည့်စုံနေရတာလဲ အားပေးမှုက အင်မတန် ညီညွတ်တာပဲ၊ အထူးအားဖြင့် ပရိယတ္တိ စာသင်

www.dhammaransi.com



တိုက်ကြီးတွေ စာချစာသင်နေတယ်၊ ပင်ပန်းတယ်လို့ မမြင်ပါဘူး။

ပျော်ပျော်ရွှင်ရွှင်၊ ကြည်ကြည်လင်လင်၊ ညီညီညွတ်ညွတ် မေတ္တာတရားနဲ့ စာချလို့ သင်ယူကြိုးစားနေကြ၊ ကြိုးစားနိုင်အောင် မေတ္တာတရား သဒ္ဓါတရား တယ်ကြီးမားကြတာပဲ၊

ဒို့ ပိုလျှံကာမှ လှူမယ်လို့ ဘယ်တော့မှ ဆင်ခြေမပေးဘူး၊ ဒါဟာ ဒို့အလုပ်လေ၊ ဒို့ကို ပစ္စုပ္ပန်မှာလဲ အေးချမ်းအောင်၊ တည်ငြိမ်အောင်၊ ရင့်ကျက်အောင် စွမ်းအားရတဲ့ နေနည်းတွေ၊ ဘဝအသုံးချနည်းတွေ အတိအကျ လမ်းညွှန်ပေးတဲ့ သာသနာတရား။

ဘဝတစ်ခုနဲ့တစ်ခု ကူးပြောင်းတဲ့အချိန် ရောက်ပြန်တော့လဲ၊ တည်ငြိမ်အေးချမ်းစွာနဲ့ ဘဝကူး ပြောင်းနည်းကို လမ်းညွှန်ပေးတဲ့တရား၊ သံသရာကူးသည်အထိ စိတ်အေးစေနိုင်သော စွမ်းအားကောင်းကိုပေးတဲ့ သာသနာတော်ကြီးပဲ၊

နောက်ဆုံး အိုနာသေမှု၊ ဆင်းရဲဒုက္ခ ခပ်သိမ်း လွတ်ငြိမ်းသည်အထိ၊ တိကျပြည့်ဝတဲ့

www.dhammaransi.com

# မေတ္တာနှလုံးအလှဆုံး

လမ်းညွှန်ချက်တွေကို ပေးတဲ့ သာသနာတော် မြတ်ကြီးပဲ၊

သာသနာအပေါ်မှာ တိကျပြတ်သားစွာ၊ လေးလေးနက်နက် ယုံကြည်မှုတွေက အားကောင်းတော့ ချီးမြှောက်မှုတွေကလဲ ညီညီညွတ်ညွတ် တက်တက်ကြွကြွ ရှိကြတယ်။

ပစ္စည်းလေးပါး ထောက်ပံ့ချီးမြှောက်မှုဟာ နိုင်ငံခြား (အထူးသဖြင့်) အနောက်နိုင်ငံတွေက သိပ်အံ့သြတယ်ဆိုပဲဗျ။

“ဒါကြောင့် စာချ, စာသင် သာသနာ့ ဝန်ထမ်းတွေ ရပ်တည်နိုင်အောင် သူတို့များ ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လိုက်ကြတာ ဒို့က မြန်မာပြည်ကို မွဲတဲ့နိုင်ငံ အောက်မေ့နေတာ လက်စသပ်တော့ တစ်သာသနာလုံးကို ထိန်းချုပ်ထားနိုင်တာ၊ ဒီတစ်နိုင်ငံထဲပဲရှိပါလား။

ရုပ်ဝတ္ထုကြီးတွေ ကြည့်လိုက်တော့ သူတို့လောက် ခမ်းခမ်း နားနားကြီးတွေ မဟုတ်သော်လည်း အတွင်းအရှုတ္တ နာမ်ပိုင်းဆိုင်ရာ စွမ်းအားက တူမှ မတူပဲဗျ။

www.dhammaransi.com



မေတ္တာတွန်းအားတွေ၊ သဒ္ဓါတွန်းအားတွေ၊ အသိတရား တွန်းအားတွေဟာ၊ အင်မတန် အားကောင်းကြတော့ သာသနာတော်မြတ်ကြီးကို မကွယ်ပျောက်အောင် ထိန်းထားနိုင်တယ်၊ ဒီ သာသနာကို တရားငတ်တဲ့ တိုင်းပြည်တွေ အတွက် တောင်မှ ဝေငှပေးနိုင်သေးတယ်။

* ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာ့အလယ်၊ ဂုဏ်ရည်ကြွယ်၊ ခန့်ထည်မြန်မာပြည်။

မြန်မာကို ကမ္ဘာကသိတာ၊ တကယ်တော့ ဗုဒ္ဓဓမ္မကြောင့် နိုင်ငံခြားသားတွေ ရောက်လာရင်လဲ ပြောကြတာပဲလေ၊ တရားဟာ မြန်မာ့ထွက်ကုန် ပစ္စည်းတဲ့၊ သူတို့ပြောတဲ့စကား သိပ်ချစ်ဖို့ ကောင်း တယ်၊ သူတို့တိုင်းပြည်မှာ အဲဒီ တရားတွေ မထွက်ဖူး။

* မြန်မာပြည်မှာ စိတ်ကောင်းထုတ်လုပ်တဲ့ စက်ကြီးတစ်လုံး ရှိတယ်၊

* မြန်မာပြည်မှာ စိတ်သန့်စင်တဲ့ စက်ကြီး တစ်လုံးရှိတယ်၊

www.dhammaransi.com



* **မြန်မာပြည်မှာ ဉာဏ်ကောင်းထုတ်လုပ်တဲ့ စက်ကြီးတစ်လုံး ရှိတယ်။**
* **မြန်မာပြည်မှာ၊ စိတ်အပူတွေကို အအေးခံတဲ့ စက်ကြီးတစ်လုံး ရှိတယ်တဲ့။ (နိုင်ငံခြားသားတွေက)**

သူတို့တိုင်းပြည်မှာ ရုပ်ကုန်ကြမ်း ကုန်ချော တွေ ထုတ်တဲ့ စက်တွေရှိပါရဲ့၊ စိတ်ကုန်ကြမ်း ကုန်ချောတွေ ထုတ်တဲ့စက် မရှိဘူး။

သူတို့ဆီမှာ ရုပ်သန့်စင်တဲ့စက်တော့ရှိပါရဲ့ စိတ်သန့်စင်တဲ့စက် မရှိဘူး။

သူတို့ဆီမှာ ရုပ်အပူတွေကို အအေးခံတဲ့ စက်တွေပေါပေါရဲ့။

စိတ်အပူတွေ အအေးခံတဲ့ စက်မရှိဘူးတဲ့။

ဒါကြောင့် သူတို့မှာ စားဖို့သောက်ဖို့ ဝတ်ဖို့ နေဖို့ ထိုင်ဖို့ ရုပ်ဝတ္ထုတွေပေါ်လာအောင် ဖော်ထုတ်နိုင်ပါတယ်၊ ထုတ်လုပ်နိုင်ပါတယ်။ သို့သော် ရှိတာကြောင့်ငိုရ၊ ရှိတာကြောင့်ပူရ၊ ရှိတာကြောင့် ကြောက်ရ၊ ရှိတာကြောင့် ရန်ဖြစ်ရ၊

www.dhammaransi.com



ရှိတာကြောင့် စကားများရ၊ ရွှေထုပ်ကြီးတွေ ကိုင်ငိုနေရ၊ ပိုက်ဆံထုပ်ကြီးတွေကိုင် ပူနေရ၊ ပစ္စည်းထုပ်ကြီးတွေကိုင်၊ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်ရန် ဖြစ်နေရ၊ ထိုးမယ်, ခုတ်မယ်, ရိုက်မယ်, နှက်မယ်, ပစ်မယ်, ခတ်မယ်နဲ့။

* **ရုပ်ဝတ္ထုတွေ တိုးလာလေ၊ ပျော်စရာတွေ ခန်းခြောက်သွားလေ၊**
* **ရုပ်ဝတ္ထုတွေ တိုးလာလေ တစ်ယောက်နဲ့ တစ်ယောက် ယုံကြည်စိတ်ချမှုတွေ အားနည်းသွားလေ၊**

ပျော်စရာတွေက တစ်ဖက်က ခန်းခြောက်၊ ခန်းခြောက်သွားတယ်။

မြန်မာပြည်မှာတော့ စိတ်ကောင်း ထုတ်လုပ်တဲ့စက်ကြီး စိတ်သန့်စင်တဲ့စက်ကြီး (ဗုဒ္ဓသာသနာပြောတာပါ) စိတ်အပူအအေးခံတဲ့ စိတ်ကြီးကရှိတော့ ချမ်းသာအောင်နေတတ်ကြတာပေါ့၊ သူတို့ကြည့်ရတာ ပူလောင်တဲ့အမူအရာ မရှိ၊ အင်မတန် အေးချမ်းတယ်။

* * *

www.dhammaransi.com

# ကမ္ဘာ့အချမ်းသာဆုံးလူ

ကမ္ဘာ့အချမ်းသာဆုံးလူဆိုတာ စိတ်သန့်စင်အောင် တရားစွမ်းအားနဲ့ နေထိုင်သူများသာ ကမ္ဘာ့အချမ်းသာဆုံးလူပါ။

ရုပ်ဝတ္ထုတစ်မျိုးထဲကိုသာ စုပြီးတော့ တရားစွမ်းအားနဲ့ စိတ်ကို သန့်စင်ခြင်း မပြုနိုင်ရင်၊ ကမ္ဘာ့အဆင်းရဲဆုံး လူစာရင်းထဲလဲ အချိန်မရွေး ပါသွားနိုင်ပါတယ်။

ဒါကြောင့် ကမ္ဘာ့အချမ်းသာဆုံးလူ ဖြစ်ချင်တယ်ဆိုရင် စိတ်သန့်စင်တဲ့စက်ထဲမှာ စိတ်ကို နေ့စဉ်ပုံမှန် ထည့်ပေးရမယ်။

ကမ္ဘာ့အချမ်းသာဆုံး လူစာရင်းထဲ ပါချင်

3A တယ်ဆိုရင် စိတ်အပူကို အအေးခံတဲ့ ဗုဒ္ဓသာသနာ

www.dhammaransi.com



ဆိုတဲ့စက်ကြီးထဲမှာ စိတ်ကို နေ့စဉ်ပုံမှန် ထည့်ပေးရမယ်၊ ဒါမှ ချမ်းသာတဲ့လူလို့ ပြောလို့ဖြစ်မှာ။

ဒါတောင် လောကြီးပြီး ပြောကြသေးတယ်။ ဘယ်သူကဖြင့် ပိုက်ဆံအရမ်းကို ချမ်းသာတာ၊ ချမ်းသာတာ ရိုးရိုးမဟုတ်ဖူး၊ အရမ်းကြီးကပါသေး။

ဟုတ်တယ် သူတို့ပြောတာ အရမ်း အရမ်းကို ချမ်းသာတာကြောင့် ယခုပဲ ပြုံးရ၊ ယခုပဲ မဲ့ရ၊ ယခုပဲ ပျော်တယ်၊ ယခုပဲ ချုံးချငိုရ၊ ယခုပဲ ပျော်ပျော်ရွှင်ရွှင်၊ ချစ်ချင်ခင်ခင်၊ ညီညီညွတ်ညွတ်နေတယ်၊ ယခုပဲ ရန်ဖြစ်လိုက်နဲ့ အရမ်းကြီးကို ချမ်းသာကြတာလေ။

ရှိတယ်လို့ ပြောရင် ကျေနပ်ပါလေ။ ချမ်းသာတယ်လို့ မပြောပါနဲ့အုံး၊ ချမ်းသာဖို့ တစ်ဆင့်တက်စရာ ကျန်ပါသေးတယ်။

ပိုက်ဆံပေါတယ်ဆို တော်ရောပေါ့၊ ချမ်းသာတယ် မပြောပါနဲ့အုံး၊ ချမ်းသာဖို့ တစ်ဆင့်တက်စရာ ကျန်ပါသေးတယ်။

www.dhammaransi.com



ပစ္စည်း ပေါတယ်ဆို တော်ရောပေါ့၊ ချမ်းသာတယ် မပြောပါနဲ့အုံး၊ ချမ်းသာဖို့ တစ်ဆင့် တက်စရာ ကျန်ပါသေးတယ်။

အဲဒီအဆင့်ကို မတက်နိုင်သေးရင် အချမ်းသာဆုံး ပုဂ္ဂိုလ်ဟာလဲ အဆင်းရဲဆုံး ဖြစ်ချင် ဖြစ်သွားနိုင်တယ်။

ပစ္စည်းအရှိတွေက ကိုယ့်ကို ပြန်ဒုက္ခပေးနိုင်တယ်၊ ဒါကြောင့် စိတ်သန့်စင်ဖို့ တစ်ဆင့်တက်စရာ ကျန်သေးတယ်၊ စိတ်သန့်စင်ဖို့ကလဲ စိတ်သန့်စင်တဲ့ ဗုဒ္ဓသာသနာစက်ကြီး တွေ့နေတာ ဖြစ်လို့ မိမိတို့မှာ လမ်းကြောင်းကြီး တွေ့နေကြပါပြီ။

* * *

* **မေတ္တာနှလုံး၊ အလှဆုံးကြောင့်၊ ရှင်ပြုံးကြည်သာ၊ ဒို့မြန်မာ၊ ကမ္ဘာကပင် မော်ကြည့်သည်။**

ကမ္ဘာ့အလယ်မှာ ခန့်ညားတယ်၊ ထည်ဝါတယ်၊ ကမ္ဘာသူ ကမ္ဘာသားတွေ၊ မြန်မာပြည်ကို

www.dhammaransi.com



မော်ကြည့်ကြတယ်ဆိုတာ စိတ်အေးချမ်းကြောင်း၊ စိတ်အပူတွေငြိမ်းအေးကြောင်း၊ တရားကောင်း တရားမြတ်တွေရှိလို့ သူတို့ကြည့်ကြတာပေါ့။

ကမ္ဘာ့မြေပုံကြီးချကြည့်၊ မြန်မာပြည်ဟာ သေးသေးလေးရယ်၊ မနည်း ရှာယူရတယ်၊ သေးသေးလေးဆိုပေမယ့် သူတို့ သိတယ်လေ၊ ဘာလို့သိတုန်းဆိုတာ ပရိသတ်အပေါင်း သူတော်ကောင်းတွေ စဉ်းစားပေါ့။

ပရိသတ်အပေါင်း သူတော်ကောင်းတွေရဲ့ မေတ္တာနှလုံးသား အပါအဝင်၊ မေတ္တာနှလုံးသား တွေ နည်းတာမှ မဟုတ်ဘဲ၊ အနည်းဆုံး အိပ်ရာက ထပြီဆိုရင်၊ ဘုရားအာရုံနဲ့၊ တရားအာရုံနဲ့၊ ဘုရား ရှိခိုးလို့၊ ဘုရားဂုဏ်တော်တွေပွားလို့၊ မေတ္တာတွေ ပို့ပြီးတော့၊ ကိုယ့်နိုင်ငံအတွင်းမှာရော၊ ကမ္ဘာ အတွင်းမှာရော၊ မေတ္တာစိတ်တွေ လွှမ်းခြုံပြီးတော့၊ ဒီမေတ္တာစိတ်တွေက ကမ္ဘာသူ ကမ္ဘာသားတွေကို သွားထိခတ်တော့ သူတို့ မသိပဲနေပါ့မလား။

တရားငတ်တဲ့ ပုဂ္ဂိုလ်တွေ၊ ကမ္ဘာသူကမ္ဘာ သားတွေ၊ မြန်မာပြည်ကို မော်ကြည့်နေကြတယ်။

www.dhammaransi.com



ဟယ်...ဒို့မှာ ပိုက်ဆံပေါလျက်သား ပူလောင်လှချည်လား၊ ဒို့မှာ ပစ္စည်းပေါလျက်သား ပူလောင်လှချည်လား အေးအောင် ဘာများလုပ်ရပါ့။

ဩော်...ဒို့ တစ်ခုခုကို လိုနေသေးတယ်၊ ဘယ်သွားရှာရပါ့။ တစ်ကမ္ဘာလုံး စူစမ်းကြည့်တော့ မြန်မာပြည်မှာသာ စိတ်ချမ်းသာကြောင်း တရားကောင်း၊ အပြည့်အစုံရှိတယ်လို့သိတဲ့ ပုဂ္ဂိုလ်တွေ မြန်မာပြည် ပြေးခဲ့ရတာပဲ။

စိတ်ချမ်းသာချင်တဲ့ ပုဂ္ဂိုလ်မှန်သမျှ၊ မြန်မာပြည်နဲ့ ဘယ်သူမှ မကင်းနိုင်ကြပါဘူး၊ မြန်မာ့မေတ္တာနဲ့ ဘယ်သူမှ မကင်းနိုင်ကြပါဘူး၊

*** ဗုဒ္ဓမြတ်စွာ၊ သာသနာကြောင့် ကမ္ဘာလည်းလှ၊ လူလည်းလှ၊ အေးမြချမ်းသာသည်။**

တရားဖြန့်ဝေရမယ်ဆိုရင် မြန်မာပြည်သူပြည်သားကလဲ၊ အဖိုးအခ တစ်ပြားမှ တောင်းတာမဟုတ်ဖူး၊ မေတ္တာနဲ့ ဖြန့်ပြီးမှအဲသလို ပေးတာ။

ဗုဒ္ဓသာသနာသည် အထက်ကပြောခဲ့သလို ဗုဒ္ဓဘာသာလို့ နာမည်တပ်ပေးရုံလေး ပေါ်လာတာမဟုတ်ပါ၊ ဗုဒ္ဓဘာသာလို့ ကျဉ်းမြောင်းတဲ့ ဘောင်

www.dhammaransi.com



တံတိုင်းခတ်ပေးဖို့ ပေါ်လာခဲ့တာလဲ မဟုတ်ပါ၊ ကမ္ဘာလဲလှဖို့ လူလဲလှဖို့၊ အေးမြချမ်းသာဖို့ ပေါ်ပေါက်လာတာပါ။

* **နောက်ဆုံးမှာကား မြတ်တရားသာ၊ ထောက်တည်ရာ လူမှာ စွမ်းအားပြည့်ဝသည်။**

လူ့ဘဝနောက်ဆုံး အနှစ်ချုပ်ထုတ်ပါ။ တရားကလွဲရင် ဘာမှ မရှိပါဘူး၊ မိမိအခုရထားတဲ့ ခန္ဓာကြီးတောင်မှ အချိန်စေ့ရင် ပျက်ပြုန်းပြီးတော့ သွားရဦးမယ်, ကိုယ့်လက်ထဲရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာ အကုန်လုံးတွေ အချိန်စေ့ရင်၊ ကုန်ဆုံးပြီးတော့ သွားကြပေလေဦးမယ်၊ မိမိနှင့် ဘဝတစ်ကွေ့လေးမှာ တွေ့ဆုံနေတဲ့ ဆွေတွေမျိုးတွေ အချိန်စေ့တော့ သူ့တစ်လမ်း ကိုယ်တစ်လမ်း သွားကြမယ်၊ ဒီတော့ ဘာအားကိုးမလဲ၊ တရားပဲကျန်မှာပေါ့။

နောက်ဆုံးလူရဲ့ အနှစ်ချုပ်ဟာ တရားပဲ၊ လူ့စွမ်းအားဟာ တရားပဲ၊ လူရဲ့ထောက်တည်ရာဟာ တရားပဲ၊

www.dhammaransi.com



ဒါကြောင့် ၁၅၅ လမ်း မိသားစုအပေါင်း သူတော်ကောင်းတွေ သဒ္ဓါ၊ ပညာ၊ မေတ္တာတရားနဲ့၊ ညီညီညာညာပေါင်းစုပြီး ဆောင်ရွက် အားထုတ်နေကြတာ၊ ကိုယ့်စိတ်ကောင်းကြောင့် အများလဲအကျိုးရှိ သာသနာလဲအကျိုးရှိ၊ ကမ္ဘာလဲအကျိုးရှိ၊ အကုန်လုံး ကောင်းတာချည်းပါပဲ။

* ဤသာသနာ၊ ငြိမ်းချမ်းစွာ၊ ကမ္ဘာကြီးကို လှစေသည်။
* မြန်မာ့ဩဘာ၊ သာသနာ၊ ခိုင်မာပြည့်စုံသည်။
* ဗုဒ္ဓဝါဒ၊ မြတ်ဓမ္မကြောင့်၊ ကမ္ဘာ့အလယ်၊ ဂုဏ်ရည်ကြွယ်၊ ခန့်ထည်မြန်မာပြည်။
* မေတ္တာနှလုံး အလှဆုံးကြောင့်၊ ရွှင်ပြုံးကြည်သာ၊ ဒို့မြန်မာ ကမ္ဘာကပင် မော်ကြည့်သည်။
* ဗုဒ္ဓမြတ်စွာ၊ သာသနာကြောင့်၊ ကမ္ဘာလည်းလှ၊ လူလည်းလှ အေးမြချမ်းသာသည်။
* နောက်ဆုံးမှာကား၊ မြတ်တရားသာ၊ ထောက်တည်ရာ လူမှာစွမ်းအားပြည့်ဝသည်။

www.dhammaransi.com



ဒါကြောင့် သုပ္ပဗုဒ္ဓ၊ ကောင်းစွာထူးခြား၊ နိုးကြားတက်ကြွ၊ နှစ်ဖက်လှရလေအောင်၊ ပဗုဒ္ဓတို့ မေတ္တာနှလုံး၊ အလှဆုံးဖြင့်၊ ရွှင်ပြုံးကြည်သာ ကောင်းစွာမသွေ၊ နိုးကြားနိုင်ကြလေကုန်သတည်း။

* * *

www.dhammaransi.com

# မေတ္တာဆိုတာ သမာဓိတရား

မေတ္တာဆိုတာ သမာဓိတရားပဲ၊ သမာဓိသည် မှန်ကန်သော အသိဉာဏ်ကိုဖြစ်စေတယ်၊ သမာဓိပညာအားကောင်းတဲ့ပုဂ္ဂိုလ်၊ အလုပ်မှန်သမျှ အကွက်စေ့တာချည်းပဲ၊ ဖြုန်းတီးမှုသည် အလွန်နည်းပါတယ်၊ အလေအလွင့် အလွန်နည်းပါတယ်၊ အလှူလုပ်သော်လဲ အလှူဟာ တိတိကျကျ ပြည့်ပြည့်ဝဝ စွမ်းအားရအောင် အကျိုးရှိအောင် အနုတ်လက္ခဏာတွေ နည်းအောင် ဆောင်ရွက်တတ်တယ်။

* * *

www.dhammaransi.com

# ကောက်ရိုးကုန်သည်၊ ပုတ်ကုန်သည်

လောကမှာ အလုပ်လုပ်တာပဲ ဖြစ်ဖြစ် ကောင်းကျိုးပြုအလုပ်တစ်ခု လုပ်တာပဲဖြစ်ဖြစ်ပေါ့၊ ကောက်ရိုးကုန်သည်၊ ပုတ်ကုန်သည်များလို လူသာ မြင်ပြီးတော့ အရာမရောက်တဲ့ အလုပ်မျိုးရှိတယ်၊ စိန်ကုန်သည်၊ ရွှေကုန်သည် ကျောက်ကုန်သည် များလို လူမမြင်ရပေမယ့် အရာရောက်တဲ့ အလုပ် မျိုးလဲ ရှိပါတယ်။

ကောက်ရိုးကုန်သည်တို့ ကောက်ရိုးကို လှည်းတစ်စီး အပြည့်တင်ခဲ့၊ တံပိုးကြီးနဲ့ ရှေ့ရော နောက်ရော ပုတ်ကြီးတွေ ထမ်းလာခဲ့၊ လူတော့ မြင်တယ်လေ သို့သော် ရောင်းလိုက်တော့ ထောင် ဂဏန်းတောင် ရချင်မှရမယ်။

# စိန်ကုန်သည်၊ ရွှေကုန်သည်

စိန်ကုန်သည်၊ ရွှေကုန်သည်၊ ကျောက်ကုန်သည်တို့ လူတော့ တယ်မမြင်ရဘူး၊ ရောင်းလိုက်တော့၊ သောင်းနဲ့ သိန်းနဲ့ချီပြီး အများကြီးရတယ်၊ အဲဒါမျိုးလိုပေါ့ မေတ္တာစတဲ့ သမာဓိနည်းတဲ့ ပုဂ္ဂိုလ်တွေ၊ အသိနည်းတဲ့ ပုဂ္ဂိုလ်တွေအလှူစတဲ့ အလုပ်မျိုးလုပ်ပြီဆိုရင် လူတော့မြင်တယ်၊ လူမြင်ရအောင် ပကာသနတွေ အမျိုးမျိုးထည့်၊ မျက်စိရှုပ်စရာတွေ မျက်စိနောက်စရာတွေနားပူစရာတွေ၊ အခွံတွေ အကာတွေ အများကြီးထည့်၊ တကယ်တမ်း ရတာကျတော့ ဘာမှမပြောလောက်ဘူး၊ အဲဒါကောက်ရိုးကုန်သည်ပုတ်ကုန်သည်များလို လူသာမြင်ပြီး အရာမရောက်တဲ့ အလှူ စသည်မျိုးပေါ့။

www.dhammaransi.com



မေတ္တာတရားအားကောင်းတဲ့ ပုဂ္ဂိုလ်တွေ အသိတရားအား ကောင်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ လူတော့ တယ်မမြင်ကြဘူး၊ သို့သော်လဲ ရလိုက်တာ နည်းတာမှမဟုတ်ပဲ၊ အကျိုးပြုလိုက်တာ နည်းတာမှ မဟုတ်ပဲ။

တစ်ဆယ်ကုန်သွားရင် တစ်ဆယ် တန်အောင် ဝမ်းသာလိုက်ကြရတယ်။ တစ်ရာကုန်သွားတာနဲ့ တစ်ရာတန်အောင် လှိုက်လှိုက်လှဲလှဲ ကျေနပ်ပြီး ဝမ်းသာကြရတယ်။ မောတာလဲဘာတစ်ခုမှ မပါဘူး၊ ကုန်သမျှဟာအရာရောက်တယ်၊ အကျိုးရှိတယ်၊ ကျေးဇူးပြုတယ်။

ဒါကြောင့် မေတ္တာသမာဓိ အရင်းခံတဲ့ အသိတရားနဲ့ပေါင်းစု ပြီးတော့ ဆောင်ရွက်ကြလို့ အကျိုးရှိနေကြတာပေါ့။

# လူ့ဘဝရလဒ် (၃) ခု

လူရယ်လို့ ဖြစ်လာရင် လူ့ဘဝမှာ ရလဒ် (၃)ခုဆိုတာ ရှိတယ်။ မေတ္တာနှလုံး အလှဆုံး ပိုင်ရှင်ဘဝနဲ့ အလှတန်ဆာဆင်ပြီးတော့နေတဲ့ လူတွေရဲ့ ရလဒ် (၃)ခုပေါ့။

(၁) ပစ္စုပ္ပန်ကာလမှာလဲပဲ၊ ဘယ်အာရုံနဲ့ပဲ တွေ့တွေ့၊ တွေ့သမျှ အာရုံနဲ့ အဆင်ပြေအောင်၊ တည်ငြိမ်ရင့်ကျက် အေးချမ်း ပျော်ရွှင်စွာ နေတတ်ရတယ်။

မနက်ဖြန်ချမ်းသာဖို့ထက်၊ အခုချမ်းသာဖို့က အရေးကြီးတယ်၊ နောက်ဘဝချမ်းသာဖို့ထက်၊ အခုဘဝချမ်းသာဖို့ ပိုအရေးကြီးတယ်၊ တရားက အကုန်အာမခံ တာဝန်ယူတယ်။

www.dhammaransi.com



ပစ္စုပ္ပန်တိုင်း ပျော်စေရမယ်၊ ပစ္စုပ္ပန်တိုင်း ချမ်းသာစေရမယ်၊ ပစ္စုပ္ပန်တိုင်း ကြည်နူးစေရမယ်၊ မေတ္တာစသောတရားက အကုန် အာမခံ တာဝန် ယူပါတယ်။

လူ့ဘဝဆိုတာစဉ်းစားပေါ့၊ လာတုန်းကလဲ ငိုပြီးမှ လာခဲ့ကြတာ၊ မွေးဖွားခဲ့စဉ်တုန်းကလဲ၊ ကယောင်ကတမ်းနဲ့ အော်ဟစ်ငိုပြီးမှ လာခဲ့ကြတာ၊ အပြန်ခရီးကျတော့ ကိုယ်ပိုင်တရားတွေ မပါဘူး ဆိုလို့ရှိရင်၊ အားကိုးရာမရှိဘူးဆိုလို့ရှိရင် ငိုပြီးတော့ ပြန်ကြရပါလေဦးမယ်။

မပြန်သေးခင်လဲပဲ၊ ကိုယ်ပိုင်တရား လက်လွှန်နေတဲ့ ပုဂ္ဂိုလ်တွေ၊ စိတ်ထဲက ငိုလိုက်၊ နှုတ်ကထုတ်ငိုလိုက်နဲ့ ငိုကြရအုံးမှာပဲ။

အဲသည်တော့ လာတုန်းကလဲငို၊ ပြန်တော့လဲ ငို၊ မပြန်သေးခင်လဲ ငို၊ ဒီတော့ လူ့ဘဝ ဘာအဓိပ္ပါယ် ရှိလို့လဲ၊ စာထဲမှာပါတဲ့လူ့ချမ်းသာ၊ လူချမ်းသာဆိုတာ၊ ဘာကိုခေါ်တာတဲ့လဲ၊ လူ့ဘဝဟာ ဘာတစ်ခုမှ အဓိပ္ပါယ်မရှိဘူးနော်။

www.dhammaransi.com



ရွှေရှိတယ်ပြောပြော၊ ငွေရှိတယ်ပြောပြော၊ ပစ္စုပ္ပန်မှာ အေးချမ်းတည်ငြိမ်ရင့်ကျက်စွာနဲ့ မနေတတ်ဘူးဆိုရင် လူ့ဘဝဟာ ဘာမှကို အဓိပ္ပါယ်မရှိပါ။

ဒါကြောင့် ပစ္စုပ္ပာန်မှာလဲပဲ၊ ဘယ်အာရုံနဲ့တွေ့တွေ့၊ တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက်အေးချမ်း ပျော်ရွှင်စွာ နေတတ်ရမယ်၊ စွမ်းအားကိုရအောင် ယူနိုင်ရမယ်၊ အာရုံနဲ့စိတ် အဆင်ပြေအောင် နေနိုင်တာ တရားစွမ်းအားကြောင့်၊ မေတ္တာစသော တရားစွမ်းအားကြောင့် နေနိုင်တာ။

စိတ်ဆိုတာ တရားမပါရင် ဘယ်အာရုံနဲ့မှ မတည့်ပါဘူး၊ အာရုံတိုင်းနဲ့ အကုန် ရန်ဖြစ်နေတာပဲ။

* * *

www.dhammaransi.com

# အာရုံနဲ့ စိတ်အဆင်ပြေအောင်

ဆိုကြပါစို့၊ ပူပြင်းတဲ့နွေရာသီရောက်တော့ ပူတာဟဲ့၊ ဆိုးတာဟဲ့ အိုက်တာဟဲ့နဲ့ ရာသီဥတုနဲ့ ရန်ဖြစ်နေတာ အတွင်းစိတ်က မသိမသာ၊ မသိမသာ ဒေါသလေးတွေ ဒေါမနဿလေးတွေ တောက်လောင်နေတာ၊ ပူတာဟဲ့ အိုက်တာဟဲ့ စိတ်နဲ့ ရာသီဥတု ရန်ဖြစ်နေတော့ ချမ်းသာရာ မရဘူး။

အာရုံနဲ့ စိတ်အဆင်ပြေအောင် နေတတ်တဲ့ သူတွေကျတော့ "ပူရမယ့်အချိန် ပူမှာပေါ့၊ အိုက်ရမယ့်အချိန် အိုက်မှာပေါ့၊ အရေးကြီးတာက အပြင်အပူကြောင့် အတွင်းအပူမကူးဖို့ အရေးကြီးတယ်၊ သည့်ထက်ပူတဲ့ ငရဲကို မရောက်ဖို့ကလဲ အရေးကြီးသေးတယ်၊ ဆင်းရဲကြီးကြီး ကြောက်

www.dhammaransi.com



တော့၊ ဆင်းရဲသေးသေးသည်းခံမှ ဖြစ်မှာပေါ့” အစရှိသည်ဖြင့် လမ်းမှန်အတိုင်းနှလုံးသွင်းတတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ပူတာအိုက်တာ သူ့အသွင်မှာ တရားစွမ်းအားရပြီး အပြုံးမပျက်ဖူးဗျ၊

အာရုံနဲ့ စိတ်ရန်ဖြစ်တတ်တဲ့ ပုဂ္ဂိုလ်ကျတော့၊ ရှုံ့မဲ့ပြီး စိတ်ဓာတ်တွေကျလို့ ရောဂါနဲ့ စိတ်ရန်ဖြစ်နေတာ။

အာရုံနဲ့စိတ် အဆင်ပြေအောင် လေ့ကျင့်ခန်း လုပ်ထားတဲ့ ပုဂ္ဂိုလ်ကျတော့ “ရောဂါပဲဟယ်၊ နာမှာပေါ့၊ အနာပဲနာမှာပေါ့”လို့ ကိုယ့်ဘက်က သတိပညာ အရင်းလေးစိုက်လိုက်ရင် ရောဂါဟာ မိတ်ဆွေဖြစ်သွားတယ်၊ ရောဂါက ဘာဝနာသတ္တိလေးတွေ ပေးသွားတယ်၊ သတိပဋ္ဌာန်စွမ်းအားလေးတွေ ပေးသွားတယ်၊ အနာသည်ပင်လျှင် သူ့အတွက်၊ တရားစွမ်းအား တိုးတက်ကြောင်း ဖြစ်သွားတယ်။

“မင်းက နှိုးဆော်ပေးလို့သာ ငါ တရားသတိရတာ၊ မင်းက နာပေးလို့သာ၊ ငါက ဘုရားသတိရတာပေါ့၊ မင်းကျေးဇူးကြီးတယ်ကွဲ့”

www.dhammaransi.com



အာရုံနဲ့ စိတ်အဆင်ပြေအောင် နေတတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ရောဂါကို ကြည့်ပြီးပြုံးပြုံး၊ ပြုံးပြုံးနဲ့ ဩော်...ရောဂါလည်းရှိသေး၊ ပြုံးလည်းပြုံးသေး၊ ဟုတ်တာပေါ့၊ အတွင်းအဖျွတ္တ အင်အားသေးတာမှ မဟုတ်ပဲ၊ အာရုံနဲ့စိတ် အဆင်ပြေအောင် နေတတ်တဲ့ ပုဂ္ဂိုလ်တွေ ပစ္စုပ္ပန် ချမ်းသာတာချည်းပါပဲ။

တရားမပါပဲတော့အာရုံနဲ့ စိတ်အဆင်ပြေမှာ မဟုတ်ဖူးပေါ့၊ ဒါကြောင့် ပစ္စုပ္ပန်မှာ ဘယ်အာရုံနဲ့ပဲတွေ့တွေ့၊ တွေ့သမျှအာရုံနဲ့ အဆင်ပြေအောင်၊ တည်ငြိမ်ရင့်ကျက်အေးချမ်း ပျော်ရွှင်စွာနေတတ် ခြင်းဟာ လူ့ဘဝရဲ့ **ပထမရလဒ်ပါ**။

ဘယ်ဘာသာ၊ ဘယ်လူမျိုး၊ ဘယ်ပုဂ္ဂိုလ်လို့ ကန့်သတ်ထားခြင်းမရှိပါ။ တရားနဲ့စိတ် ထိတွေ့သွားတာနဲ့ ဘယ်သူမဆို ချမ်းကို ချမ်းသာရမယ်။

(၂) မိမိရဲ့ ကိုယ်အား ဉာဏ်အား ပစ္စည်းအားတွေနဲ့ မိမိသူတစ်ပါး လောက, သာသနာ, စွမ်းနိုင်ရာဘက်မှာ သဒ္ဓါ၊ ပညာ၊ မေတ္တာ၊ အားတွေဖြင့် လှုပတင့်တယ် ထည်ဝါ F. 4B

www.dhammaransi.com



ခန့်ညား ကျက်သရေရှိအောင် အလှတန်ဆာဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြုဘဝမှတ်တိုင် စိုက်ထူနိုင်ရမယ်၊ နာမည်ကောင်း ကျန်ရစ်ရမယ်၊ ဒါဟာ လူ့ဘဝရဲ့ **ဒုတိယရလဒ်**။

* * *

www.dhammaransi.com

# နာမည်ကောင်းကျန်ရစ်ဖို့

လူကောင်းတစ်ယောက်ဖြစ်ဖို့ အချိန်ယူပြီးတော့ မနည်းကြိုးစားရတာပါ၊ မကောင်းတဲ့လူတစ်ယောက်ဖြစ်ဖို့ လွယ်လွယ်လေးရယ်၊ အခုမဟုတ်တာ ချက်ခြင်းထလုပ်စမ်းပါ၊ နာမည်ပျက်ဖို့ လွယ်လွယ်လေးပါ။

လူတစ်ယောက် နာမည်ကောင်းရဖို့ဆိုတာ အချိန်ယူပြီးတော့ စိတ်ကောင်းလေးတွေနဲ့ အရင်းအနှီးများစွာ စိုက်ပြီးတော့ ကြိုးစားရတာပါ၊ ဒါကြောင့် လူ့ဘဝ ဒုတိယရလဒ်က နာမည်ကောင်း ကျန်ရမယ်။

အချို့ပုဂ္ဂိုလ်တွေကျတော့ လူတောင်မသေရသေးဘူး၊ နာမည်က သေသွားပြီ၊ ဘယ်

www.dhammaransi.com



နေရာမှ အသုံးမဝင်တော့ဘူး၊ ဘယ်သူမှ အယုံအကြည် မရှိတော့ဘူး၊ ဘယ်သူမှ အားမကိုးတော့ဘူး (လူတော့ မသေသေးဘူး၊ နာမည်က သေသွားလို့)

အချို့ပုဂ္ဂိုလ်တွေကျတော့ လူတော့ မရှိတော့ဘူး၊ နာမည်လေးက မွှေးပြီး ကျန်ခဲ့တယ်၊ (နာမည်ကောင်း ကျန်ခဲ့တယ်) ကောင်းကျိုးပြုဘဝမှတ်တိုင် စိုက်ထူနိုင်ခဲ့တယ်။

ကောင်းကျိုးပြုဘဝမှတ်တိုင် စိုက်ထူနိုင်ခဲ့တော့ နောင်လာ နောက်သား၊ သားစဉ်မြေးဆက်တွေလဲ ဂုဏ်ယူစရာ ဖြစ်သွားတယ်၊ "ဒါဒို့အဖိုး၊ အဖွား လက်ထက်က၊ ဒို့အဖေ အမေ လက်ထက်က လုပ်ခဲ့တာ ဆောင်ရွက်ခဲ့တာ၊ ဒို့အစ်ကိုအစ်မတွေ ဒို့ဆွေမျိုးတွေ ဘယ်သူဘယ်ဝါ လက်ထက်က" ဆိုပြီး သူတို့မှာ ဂုဏ်ယူစရာ ဘဝမှတ်တိုင်ကြီး ကျန်လို့၊ ကိုယ့်အတွက်လဲဂုဏ်ယူစရာ ဘဝမှတ်တိုင်ကြီး စိုက်ထူခွင့်ရလို့ ကြည်နူးလို့ပေါ့။

ဒါကြောင့် ကိုယ်အားဉာဏ်အား ပစ္စည်းအား ဆိုတဲ့ အင်အား(၃)ခုဖြင့် မိမိရော သူတစ်ပါး

www.dhammaransi.com



ပါ၊ လောကရော သာသနာပါ၊ ပကာသန မဟုတ်ဘဲ၊ သဒ္ဒါရယ်၊ ပညာရယ်၊ မေတ္တာရယ် (ခုနပြောခဲ့တဲ့ ကောက်ရိုးကုန်သည်၊ ပုတ်ကုန်သည် တို့လို လူသာမြင်ပြီး အရာမရောက်တဲ့ ပုံစံမျိုး မဟုတ်ပါဘူး)။

စိန်ကုန်သည်၊ ရွှေကုန်သည်၊ ကျောက်ကုန်သည်တို့လို အပြင်က မမြင်ရသော်လဲ အတွင်းအနက်က အရာရောက်တော့ စွမ်းအားအပြည့်နဲ့ မိမိသူတစ်ပါး လောကသာသနာ စွမ်းနိုင်ရာဘက်က လှပတင့်တယ် ထည်ဝါခန့်ညား ကျက်သရေရှိအောင် အလှတန်ဆာ ဆင်ပေးနိုင်ရမယ်၊ ကောင်းကျိုးပြု ဘဝမှတ်တိုင် စိုက်ထူနိုင်ရမယ်၊ နာမည်ကောင်း ကျန်ရစ်ရမယ်၊ အဲဒါ လူ့ဘဝရဲ့ ဒုတိယရလဒ်။

## (၃) ဘဝကူး စိတ်အေးရမယ်

နောက်ဆုံး ကိုယ့်ခန္ဓာ အခက်အခဲ ကိုယ်ပဲ ဖြေရှင်းရမှာ၊ ကိုယ့်ဟာကိုယ်လဲ စဉ်းစားပေါ့။

နောက်ဆုံး ငါ ဘာအားကိုးမလဲ?

www.dhammaransi.com



ခုနတုန်းက အဖြေထွက်ပြီးပြီ တရားပဲ။

နောက်ဆုံးငါ ဘယ်သူ့ကို အားကိုးမလဲ၊ ကိုယ့်ဟာကိုယ်ပဲ နောက်ဆုံးအားကိုးရမှာ၊ ပညာရှိသူတော်ကောင်းစတဲ့ ပုဂ္ဂိုလ်တွေက လမ်းညွှန်ချက်ပဲ ပေးရုံပေးနိုင်တယ်၊ တကယ့်အရေးကျတော့ ဘယ်သူမှ လက်ဆွဲကယ်မှာ မဟုတ်ဘူး။

နောက်ဆုံး ကယ်တင်ရှင်ကို ရှာလိုက်တော့၊ မိမိတစ်ယောက်ထဲသာ တွေ့တယ်၊ ပညာရှိသူတော်ကောင်းတွေထံက လမ်းညွှန်ချက်ကို အတိအကျအပြည့်အဝ ရထားတဲ့ မိမိတစ်ယောက်ထဲကိုသာ တွေ့တယ်၊

ကောင်းပြီ ဘာအားကိုးမှာလဲလို့ ရှာလိုက်ပြန်တော့ တရားကလွဲရင် ဘာတစ်ခုမှ ကျန်မှာ မဟုတ်တော့ဘူး။

ဒီတော့ ပစ္စုပ္ပန်သေချာသူတစ်ယောက်နောင်ရေး ဘာမှ ပူစရာ မလိုပါဘူး၊ ခုန ပထမလူ့ဘဝရလဒ်တုန်းက ပစ္စုပ္ပန်မှာ စိတ်ချမ်းသာအောင်၊ စွမ်းအားပြည့်အောင် နေတတ်ထိုင်တတ်၊

www.dhammaransi.com



စွမ်းအားရတတ်ပြီဆိုရင် ရအောင်ယူတတ်ပြီဆိုရင် ဒုတိယလူ့ဘဝ ရလဒ်ကလဲ စွမ်းအားနဲ့အလှဆင်တတ်ပြီဆိုရင် တတိယလူ့ဘဝ ရလဒ်ဆိုတာ အလိုအလျောက် ပြည့်စုံသွားပြီ။

ကိုယ်ပိုင်ကောင်းမှု စွမ်းအားရှိသူတွေ၊ ဘဝတစ်ခုတစ်ခု ကူးပြောင်းဖို့ ဘာမှ ပူစရာလို့ မမြင်တော့ဘူး၊ အဟောင်းနဲ့အသစ် ပြောင်းလိုက်တာပဲလို့ ဒီလိုပဲမြင်သွားပြီ နောက်ဆုံးဘဝ လွတ်မြောက်ရေးအထိ၊ တိကျလေးနက်သော ဦးတည်ချက်ရှိတယ်။

ဘဝဆိုတာ ဘယ်ဘဝမှ ဆုပ်ကိုင်ထားလို့ မရဘူးလေ၊ ရပ်ထားလို့လဲမရဘူး၊ (ဒါလဲ ကိုယ့်ဉာဏ်နှင့် ပိုင်းကြည့်ဦးမှ) အချိန်စေ့တော့ ပြောင်းရလေဦးမယ်၊ အဝိဇ္ဇာ တဏှာ သံသရာကြိုး (၂)ချောင်း၊ မပြတ်သေးသမျှ ကာလပတ်လုံး ဘဝဆိုတာ ကူးပြောင်းကြရဦးမယ်။

တရားမပါရင် ဘဝကူး အခက်အခဲက တယ်ကြီးမားပါတယ်၊ အဲဒီ ကြီးမားတဲ့ အခက်အခဲ မှန်သမျှကို ဖြေရှင်းပေးနိုင်တာက ကောင်းမှု စွမ်းအား။

www.dhammaransi.com



မေတ္တာနှလုံး အလှဆုံးပုံစံနဲ့ ကြိုးစားပြုလုပ်အားထုတ်နေတဲ့ တရားက အကုန်လုံး အာမခံပါတယ်၊ ဒါကြောင့် ဘဝကူး စိတ်အေးရမယ်၊

တရားစွမ်းအား ယူထားတဲ့ပုဂ္ဂိုလ်၊ ဒီဘဝနဲ့နောင်ဘဝကူးဖို့ ဆိုတာ ဘာမှပြောစရာမလိုဘူး၊ သံသရာတစ်လျှောက်ထိ စိတ်အေးရအောင် အကုန်လမ်းရှင်းထားပြီးသား၊ နောက်ဆုံးဘဝ လွတ်မြောက်ရေးအထိ နိဗ္ဗာန်ပန်းတိုင် ရောက်သည်အထိ လမ်းရှင်းထားပြီးသား။

ဒါကြောင့် ပရိသတ်အပေါင်း သူတော်ကောင်းတွေ လူ့ဘဝ ရလဒ်(၃)ခုရအောင် ယူနေကြတာ၊ မေတ္တာနှလုံး အလှဆုံးပုံစံနဲ့ ယူနေကြလို့လဲပဲ၊ အဲဒီ(၃)ခု ရနေကြတာပါ။

- ပစ္စုပ္ပန်မှာ၊ စိတ်ချမ်းသာအောင်၊ တရားဆောင်၊ အမှောင်ကင်းရမည်။
- ကိုယ်အားဉာဏ်အား ပစ္စည်းအား၊ အများလှအောင် ဆင်ရမည်။
- ဘဝကူးရေး၊ အပူဝေး၊ စိတ်အေးနိုင်ရမည်။

www.dhammaransi.com



* တရားသုံးပါး၊ လူ့စွမ်းအား၊ ခန့်ညား ထည်ဝါသည်။

* မေတ္တာနှလုံး၊ အလှဆုံး၊ ရွှင်ပြုံးအေးမြသည်။

ဒါကြောင့် နေ့ရောညပါ အခါခပ်သိမ်း၊ ကောင်းဆိုးနှစ်တန် လောကဓံ အာရုံနှင့် ကြုံသမျှ အခါခပ်သိမ်း၊ ဘယ်နေရာပဲရောက်ရောက်၊ ဘယ်သူနဲ့ပဲ တွေ့တွေ့၊ ဘယ်ကိစ္စကိုပဲ ဆောင်ရွက်ရ၊ ဆောင်ရွက်ရ၊ အခြေအနေ ပေးသမျှ အခါခပ်သိမ်း၊ သုပ္ပဗုဒ္ဓ၊ ကောင်းစွာထူးခြား နိုးကြားတက်ကြွ နှစ်ဖက်လှရလေအောင်၊ ပဗုဇ္ဈန္တိ၊ မေတ္တာနှလုံး အလှဆုံးဖြင့်၊ ရွှင်ပြုံးကြည်သာ၊ ကောင်းစွာမသွေ နိုးကြားကြစေကုန်သတည်း။

* * *

www.dhammaransi.com

# ယင်ကောင်ပမာ ရှုပ်ထွေးစွာ

လူ့အဖွဲ့အစည်းဆိုတာ (၂)မျိုးရှိပါတယ်။ လူဆိုတာ တစ်ယောက်ထဲနေလို့ မဖြစ်ပါဘူး၊ အများနဲ့ နေပြန်တော့လဲ၊ လောကထဲမှာ နှစ်ယောက်ထဲတောင် သဘောထား တိုက်ဆိုင်ဖို့ မလွယ်၊

အဲဒီ မလွယ်တဲ့အထဲမှာ၊ ကိုယ်က ယခုလို အများကြီးပေါင်းစုပြီး ဆောင်ရွက်နိုင်တယ် ဆိုတာ က အဓိက မေတ္တာစွမ်းအား၊ မေတ္တာနောက်က ခန္တီအမာခံပါတယ်။

လူ့လောက အဖွဲ့အစည်း (၂) မျိုးဆိုတာက "ယင်ကောင်ပမာ ရှုပ်ထွေးစွာ" လောကကို အကျည်းတန် အရုပ်ဆိုးအောင် လုပ်နေတဲ့

www.dhammaransi.com



အဖွဲ့အစည်းကတစ်မျိုး (ဇနီးမောင်နှံစတဲ့ အဖွဲ့အစည်း အကုန်ဆိုင်ပါတယ်)။

ပျားကောင်ပမာ ဖြောင့်မှန်စွာ၊ ကောင်းတာကို စု၍ အများကို အလှတန်ဆာဆင်ပေးနိုင်တဲ့ လူ့အဖွဲ့အစည်းက တစ်မျိုးလို့ (၂)မျိုး ရှိပါတယ်။

ယင်ကောင်တွေ ကြည့်စမ်းပါ၊ ကြည့်တတ်ရင် တရားပါလား၊ သူတို့ဟာ အများနဲ့ပေါင်းစုပြီး နေတတ်ကြသော်လဲပဲ

(၁) အမျိုးအတွက် ခံယူချက် လုံးဝမရှိ၊

(၂) စည်းကမ်းမရှိ၊ အများအပေါ် သစ္စာမရှိ၊

(၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်မှုလုံးဝ မရှိ၊

ဘယ်သူ့ကိုမှ မငဲ့၊ ဘယ်သူတွေ ဘာပဲဖြစ်ဖြစ် ဘယ်သူ့ကိုမှ အရေးမစိုက် တရုံးရုံး၊ တအုံးအုံးနဲ့ ကြုံရာသွား၊ ကြုံရာနား၊ ကြုံရာစား၊ အဲသလို အခိပ္ပါယ်ကင်းမဲ့စွာ နေတယ်။

(၄) သဘာဝ အသိတရား ဘာတစ်ခုမှ မရှိဘူး။

ယင်ကောင်သည် အဆိပ်တော့မရှိပါဘူး၊ သို့သော် အဆိပ်ထက် ကြောက်ဖို့ကောင်းတာက

www.dhammaransi.com



စည်းကမ်းသစ္စာ လုံးဝ မရှိခြင်းပါ။ ဒါကြောင့် ယင်ကောင်ကို ဘယ်သူမှ အယုံအကြည်မရှိပါဘူး။

သူတို့ စည်းကမ်းသစ္စာမရှိတာကို မြင်နေရ၊ ကြုံတွေ့နေရတာ ဆိုတော့ ယင်ကောင်ကို ဘယ်သူမှ အယုံအကြည် မရှိပါဘူး။

ယင်နားစာမစားနဲ့၊ ယင်မနားစေနဲ့၊ နားရင် ချောက်ပစ်၊ ယင်နားစာစားရင် ရောဂါဖြစ်စေ တတ်တယ်၊ ဘေးဥပါဒ်ဖြစ်စေတတ်တယ် စသည် ဖြင့်၊ အန္တရာယ်ကောင်အဖြစ်သာ မြင်ကြတယ်။

ယင်ကောင်ကို မွေးမြူထားဖို့ ဘယ်သူမှ စိတ်မကူးကြပါ၊ သုတ်သင်ပစ်ရမယ့် အန္တရာယ် ကောင်အဖြစ်သာ မြင်ကြပါတယ်။

အဲဒါမျိုးလိုပေါ့ အချို့, အချို့ လူ့အဖွဲ့ အစည်းဆိုတာ–

(၁) အမျိုး၊ ဘာသာ၊ သာသနာအတွက် ခံယူချက် ဦးတည်ချက် မရှိပါ။

(၂) စည်းကမ်းလဲမရှိပါ။ အများအပေါ်မှာလဲ သစ္စာမရှိပါ။

www.dhammaransi.com



**(၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်မှုလဲ မရှိပါ။**

**(၄) စဉ်းစားချင့်ချိန် ဆန်းစစ်ဝေဖန်နိုင်တဲ့ အသိပညာ တရားလဲ မရှိပါ။**

ရှာလိုက်, ရလိုက်၊ စားလိုက်, ကုန်လိုက်၊ ကိုယ့်ဟာကိုယ်လဲ အလှမဆင်ရ၊ မိသားစုကိုလဲ အလှမဆင်ရ၊ လောက, သာသနာ ဘယ်ဘက်ကမှ အလှမဆင်ရ၊ ပစ္စုပ္ပန်မှာလဲ တည်ငြိမ်အေးချမ်းတယ်ဆိုတာ ဘာခေါ်မှန်းမသိ၊

ပစ္စုပ္ပန် မသေချာတော့ နောင်ရေးလဲ စိတ်အေးစရာ တစ်ကွက်မှ မရှိ၊ ကုန်သွားမယ့် ဥစ္စာရှာပြီးတော့ ပြီးရင် ကုန်သွားတာနဲ့ မောတာနဲ့ပဲ အဆုံးသတ်သွားတယ်။

အဲသလို ပုဂ္ဂိုလ်မျိုးဟာ၊ ပစ္စုပ္ပန်လဲကိုယ့်မှာ စွမ်းအားဘာမှ မရ၊ နောင်ရေးစိတ်အေးစရာလဲ ဘာတစ်ခုမှ စုဆောင်းနိုင်စွမ်းမရှိ၊ အဲသလို ပုဂ္ဂိုလ်မျိုးကို ဘယ်သူမှလဲ အားမကိုးပါ၊ ယုံလဲ မယုံကြပါ။

ကိုယ်က သူ့ကို မယုံ၊ သူက ကိုယ့်ကို

www.dhammaransi.com



မယုံ၊ ကိုယ်က သူ့ကို စိတ်မချ၊ သူကလဲ ကိုယ့်ကို စိတ်မချ၊ ကိုယ်ကလဲ သူ့ကို သံသယ စိတ်ကြီးနဲ့ ကြည့်၊ သူကလဲကိုယ့်ကို သံသယ စိတ်ကြီးနဲ့ ကြည့်၊ တယ် ပူလောင်တယ်။

ဘယ်ဘက်မှာမှ အလှဆင်လိုက်ရတယ် ဆိုတာလဲ မရှိ၊ အလှမဆင်ရုံမျှမက အကျည်းတန် အရုပ်ဆိုးအောင်တောင်မှ လုပ်တတ် ပါသေးတယ်၊ အဲဒါက ယင်ကောင်ပမာ ရုပ်ထွေးစွာ ပူလောင်စွာ သွားတဲ့အဖွဲ့အစည်းမျိုးပါ။

* * *

# ဗျားကောင်ပမာ၊ ဖြောင့်မှန်စွာ

ဗျားကောင်တွေ ကြည့်စမ်းပါ။ တိရစ္ဆာန်ဆိုပြီးတော့ အထင်သေးလို့ မရပါဘူး၊ ဗျားကောင်တွေ ရာနဲ့ချီပြီးတော့ ပေါင်းစုနေ တတ်တယ်၊ လောက၊ အချို့အချို့ လူတွေဟာ နှစ်ယောက်ထဲတောင်မှ ကြာကြာတည့်အောင် မပေါင်းနိုင်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ဗျားကောင် လေးတွေကြည့်စမ်း၊ အများကြီးပေါင်းစုပြီးတော့ တည့်အောင် နေတတ်ကြတယ်။

သူတို့ဟာ–

(၁) အမျိုးအတွက် ခံယူချက် ဦးတည်ချက်ရှိတယ်
(တိရစ္ဆာန်ဆိုပြီး အထင်တော့မသေးလိုက်ပါနဲ့)

www.dhammaransi.com



(၂) စည်းကမ်းရှိတယ်၊ အများအပေါ်သစ္စာရှိတယ်။

(၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်မှုရှိတယ်။

(၄) သဘာဝ အသိတရားတွေရှိတယ်။

ပျားကောင်သည် အဆိပ်တော့ရှိတယ်၊ သို့သော် စည်းကမ်းရှိလွန်း သစ္စာရှိလွန်း ဖြောင့်မတ်လွန်းလို့ အများရဲ့ ယုံကြည်စိတ်ချမှုကို ခံယူရတဲ့ သတ္တဝါမျိုးပါ။

ပျားကောင်က စုထားတဲ့ ပျားရည်ဆိုရင် ဆေးဖက်ဝင်တယ်၊ ရောဂါပျောက်စေတယ်၊ ကျန်းမာစေတယ်၊ အသက်ရှည်စေတယ်ဆိုပြီး လူတွေက ယုံကြည်စိတ်ချစွာနဲ့ အသုံးပြုကြတယ်။ တိရစ္ဆာန်ဖြစ်တဲ့ ပျားကောင်ကို ဆေးဆရာလောက် ယုံကြည်ကြပါတယ်၊ တိရစ္ဆာန်ဖြစ်တဲ့ ပျားကောင် စုထားတဲ့ ပျားရည်ကို ဆေးဆရာဖော်စပ်ထားတဲ့ ဆေးဝါးလောက် ယုံကြည်စိတ်ချကြပါတယ်။

အမှန်တော့ သူတို့ရဲ့ စည်းကမ်းရှိမှု၊ သစ္စာရှိမှု၊ ဖြောင့်မတ်မှုကြောင့် အများရဲ့ ယုံကြည်စိတ်ချမှု ခံရတာပါ၊ ပျားရည်အတုကို ပျားကောင်က

F.5A

www.dhammaransi.com



မလုပ်ပါ၊ ပျားကောင်သည် သစ္စာဖောက်ပြီး ဘယ်တော့မှ ပျားရည်အတုကို လုပ်ရိုးထုံးစံ မရှိပါ။

ပျားရည်အတုကို မသမာသော လူများက သာ လုပ်ကြပါတယ်၊ ပျားကောင်များသည် ပျားရည် အတုကို မထုတ်လုပ်ကြပါ။

ပျားကောင်ရဲ့ သစ္စာရှိမှု စည်းကမ်းရှိမှု ကြောင့် "ပျားမွေးမြူရေး" ဆိုတာ ပျားကောင်ရဲ့ ဖြောင့်မတ်မှုကို စိတ်ချပြီး၊ လူတွေက တန်ဖိုးထား ဆောင်ရွက်ကြခြင်းပါ။

သူတို့မှာ အမြဲပြတ်သားတယ်၊ ခံယူချက် ဦးတည်ချက် ကောင်းတယ်၊ "ဒို့ဟာ အများနဲ့ နေတာ၊ အခု စားချင်မှ အခုထရှာရင် (ယင်ကောင် တွေလို စိတ်ကူးပေါက်မှ အခုထရှာရင်) ဒို့ တစ်မျိုးလုံး ငတ်ကုန်မယ်၊ ဒါကြောင့် ကြိုတင်ပြီး ရှာဖွေစုဆောင်းကြစို့လား" (သူတို့ရဲ့ အမြင်လေး တွေ အမျိုးအပေါ် ခံယူချက်လေးတွေပါ)

F. 5E

www.dhammaransi.com



ပြီးတော့ "ဒို့က နာမည်ကောင်းရှိတယ်။ (နာမည်ကောင်းလေး ထိန်းတယ်နော်) နာမည်ကောင်းလေး ထိန်းထားနိုင်ရမယ်၊ နာမည်ကောင်းရသူတွေ "ပျား"။

"ပျားဆိုရင် ချိုမြိန် ကောင်းမြတ်တဲ့ ပျားရည်ကိုသာ ဒို့ စုဆောင်းမှဖြစ်မယ်၊ နာမည်ကောင်းသူဟာ ကောင်းတာပဲလုပ်မှ ဖြစ်မယ်"တဲ့ (ပျားကောင်တွေရဲ့အမြင်နဲ့ သူတို့ရဲ့ ခံယူချက်လေး တွေပါ)။

"နာမည်ကောင်း ရှိတယ်ဆိုတော့ ကောင်းတာကိုသာ ဒို့စုမှ ဖြစ်မယ်၊ ချိုမြိန်ကောင်းမြတ်တဲ့ ပျားရည်ကို ဒို့စုမှဖြစ်မယ်၊ ချိုမြိန် ကောင်းမြတ်တဲ့ ပျားရည်ကို လိုချင်ရင်၊ ယင်ကောင်များလို လမ်းဘေးက အမှိုက်ပုံတွေ လျှောက်နားလို့တော့ ရမှာ မဟုတ်ဘူး" (သူတို့ အမြင်လေးတွေ သိပ်ချီးကျူးဖို့ကောင်းတယ်) ပန်းဝတ်ရည်ကို စုတ်မှ ဒို့လိုချင်တဲ့ ချိုမြိန်ကောင်းမြတ်တဲ့ ပျားရည်ကို ရမှာ။

www.dhammaransi.com



ဘုရားကျောင်းတွေ အင်မတန်ပြတ်သားတယ်၊ ဒါနဲ့ ပန်းပွင့်ရှိရာ သွားကြတယ်ဗျ၊ မခိုမကပ် အလုပ်လုပ်တယ်ဗျ၊ ညီညီညွတ်ညွတ် အလုပ်လုပ်တယ်ဗျ၊ ဘယ်ပျားကောင်မှနောက်က တုတ်ကိုင်ပြီး ခိုင်းနေရတယ်ဆိုတာ မရှိပါဘူး။

ငါ အများနဲ့နေတာ၊ ငါတစ်ကောင်ထဲ မဟုတ်ဘူး၊ ငါလဲ အလုပ်လုပ်မှ ဖြစ်မှာပေါ့၊ ငါလဲပဲ ပန်းပွင့်ရှိရာသွား ပန်းဝတ်ရည် စုတ်မှ ဖြစ်မယ်"

ဘယ်ပျားကောင်မှ မသမာစိတ်နဲ့ အပါး ခိုပြီး၊ လမ်းဘေး အမှိုက်ပုံသွား၊ မဟုတ်တယုတ် တွေပေါ်နားပြီး သယ်လာခဲ့တာ တစ်ကောင်မှ မရှိဘူး၊ ဒါကြောင့်လဲ လူတွေက ယုံကြတာပါ။

ဒီပျားရည်ထဲမှာ လမ်းဘေးက မဟုတ် တယုတ်တွေ ပျားကောင် တစ်ကောင်ကောင်က နားပြီး ထည့်ထားလေမလားလို့ နည်းနည်းမှ သံသယမဖြစ်ဖူး၊ သူတို့အပေါ် အကြွင်းမဲ့ ယုံ တယ်။

www.dhammaransi.com



ဒါကြောင့် ပျားကောင်လေးတွေ အသီးသီး ကိုယ်ပိုင်အသိလေး တွေနဲ့ အလုပ်လုပ်ကြတယ်၊ မသမာစိတ်နဲ့ ငါရှာခဲ့တာ ငါစားရုံပဲ ပေါ့လို့ မလုပ်ပါဘူးဗျ။

www.dhammaransi.com

# ပျားအုံ

တကယ်တော့ ပျားကောင်တွေဟာ ယင်ကောင်များလို အတ္တအရေး ရှေ့တန်းတင်ပြီးမှ မသမာစိတ်နဲ့ ကိုယ်ရတာကိုယ် သုံးပစ်ကြမယ်ဆိုရင် "ပျားအုံ"ဆိုတာ ဘယ်ပေါ်လာလိမ့်မတုန်း။

လောကမှာ "ယင်အုံ"လို့ လက်ညှိုး ထိုးစရာမှ မရှိပဲ၊ ယင်အုံတာက မဟုတ်တယုတ် နေရာတွေမှာ သွားအုံတာ ဘာမှ မြတ်နိုးစရာ မရှိဘူး။

ပျားကောင်တွေသာ မသမာစိတ်ကို ထားကြမယ်၊ အတ္တရေး ရှေ့တန်းတင်ကြမယ်၊ အမျိုးအပေါ် သစ္စာမရှိကြဘူးဆိုရင် "ပျားအုံ"ဆိုတာ ဘယ်လိုလုပ်လို့မှ ပေါ်လာမှာ မဟုတ်ဘူး။

www.dhammaransi.com



ပျားကောင်တွေ၊ စည်းကမ်းရှိလွန်းလို့သာ အများအပေါ် သစ္စာရှိလွန်းလို့သာ "ပျားအုံ" ဆိုတာ ပေါ်လာရတာ။

ဒါကြောင့် ငါဟာ အများနဲ့နေတာ၊ တစ်ကောင်ထဲနေတာ မဟုတ်ဖူး၊ စားပစ်လို့ မဖြစ်ဖူး၊ အုံရှိရာအရောက် ငါသယ်မယ်၊ သစ္စာရှိရှိ သယ်လာတယ်။

အုံထဲရောက်တော့လဲ "ဟော့...ငါရှာလာတာနော် ငါပဲစားမယ်"လို့ ကျဉ်းမြောင်းတဲ့ ဘောင်တံတိုင်းကြီး ခတ်မထားကြပါ "ငါရှာတာ မင်းတို့လဲ စားပေါ့ကွ၊ မင်းတို့ရှာလာတာ ဒို့လဲစားမယ်၊ ဒို့တစ်မိသားစုထဲ အတူတူနေကြတာပဲ" အားလုံးပေါင်းစုထားတယ် သုံးရမယ့် အချိန်ကျတော့ ခွဲဝေအသုံးချတယ်။

သူတို့ရဲ့ လမ်းစဉ်ဖြောင့်မတ်လို့ စည်းကမ်းသစ္စာရှိလွန်းလို့ အများရဲ့ ယုံကြည်စိတ်ချမှုကို ခံရတယ်၊ အဲဒါမျိုးလိုပေါ့။

ယခုလို မေတ္တာတရားကို အကြောင်းပြု၍ ဖွဲ့စည်းပြီးတော့ နေကြတဲ့ လူ့အဖွဲ့အစည်းတွေ

www.dhammaransi.com



ဟာလဲပဲ၊ ဇနီးမောင်နှံ စသည့် လူ့အဖွဲ့အစည်းတွေရော၊ တရားသဘောတွေ ကုသိုလ်တရားတွေ ပြုလုပ်အားထုတ်ဖို့ ပေါင်းပြီးတော့ ဆောင်ရွက်ကြတဲ့ အဖွဲ့အစည်းတွေရောပေါ့။

(၁) အမျိုးဘာသာ သာသနာအတွက် ခံယူချက် ဦးတည်ချက် ရှိတယ်။

(၂) စည်းကမ်းရှိတယ်၊ အများအပေါ်မှာ သစ္စာ ရှိတယ်။

(၃) ခွဲဝေအသုံးချ အနစ်နာခံ စွန့်လွှတ်မှုရှိတယ်။

(၄) စဉ်းစားနိုင်၊ ချင့်ချိန်နိုင်၊ ချိန်တွယ်တွက်ချက် ဆန်းစစ် ဝေဖန်နိုင်တဲ့ အသိပညာတရားရှိမယ်၊

အဲဒါ မေတ္တာနှလုံး၊ အလှဆုံး ပုဂ္ဂိုလ်များရဲ့ လမ်းစဉ် (၄)ချက်လို့ ခေါ်ပါတယ်။

* * *

www.dhammaransi.com

# တရားပျားရည်

ပျားကောင်စဉ်းစားသလို စဉ်းစားတာပေါ့၊ "အို . . . ဒို့ဟာ ပိုက်ဆံပေါရုံနဲ့လဲ ချမ်းသာမှာ မဟုတ်သေးဘူး၊ ရှိတယ်လို့သာ ပြောလို့ဖြစ်ဦးမှာ ချမ်းသာအစစ် မရောက်နိုင်သေးဘူး။

ပစ္စည်းပေါရုံနဲ့လဲ၊ ဒို့ချမ်းသာမှာ မဟုတ်သေးဘူး၊ ပေါတယ်လို့သာ ပြောလို့ဖြစ်မယ်၊ ချမ်းသာအစစ် မရောက်နိုင်သေးဘူး။

ချမ်းသာလိုချင်ရင် ဒို့ "တရားပျားရည်" စုမှဖြစ်မယ်။ ဒါန ပျားရည်၊ သီလ ပျားရည်၊ သမာဓိပျားရည်၊ ဝိပဿနာပျားရည်၊ ချိုမြိန်ကောင်းမြတ်တဲ့ တရားပျားရည်ကို ဒို့ရအောင် စုဆောင်း ဖော်ထုတ်ပေးနိုင်မှ ဒို့ဘဝချမ်းသာမယ်။

www.dhammaransi.com



မှန်ကန်တဲ့ အသိရှိတဲ့သူက အကွက် စေ့အောင် စဉ်းစားတယ်။ ဒရွတ်တိုက်ကြီး မသွားဘူး၊ အမြင်ရှင်းရှင်းလေးနဲ့ သွားတယ်။ အဲဒီ ပုဂ္ဂိုလ်များ တရားပျားရည်ရအောင်စုတယ်။

* * *

www.dhammaransi.com

# ပန်း (၃) ပွင့်

လိုချင်တဲ့ တရားပျားရည်ရအောင်၊ ပန်းပွင့် ရှိရာ သွားကြတယ်၊ ပန်းက (၃)ပွင့်ဗျ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

ဓမ္မံ သရဏံဂစ္ဆာမိ

သံဃံ သရဏံ ဂစ္ဆာမိ

အမှတ်တမဲ့ ဆိုလိုက်တော့လဲ ဘာမှ မထူးခြားပါဘူး။ သေသေချာချာ သဒ္ဓါပညာနဲ့ အာရုံပြုပြီးဆိုကြည့်စမ်း၊ အဲဒါ ပန်းပွင့်ရှိရာ သွားပြီး ပန်းဝတ်ရည် စုတ်တာပါ။

တပည့်တော် တပည့်တော်မတို့သည် နေ့စဉ်ရှာဖွေနေတဲ့ ပစ္စည်းဥစ္စာတွေကို ခြောက်ကပ် ကြီးဖြစ်အောင် မလုပ်ပါဘူးဘုရား၊ ကုန်ရုံသာ

www.dhammaransi.com



ကုန်ပြီး ဘာမှ ရလဒ်မပေါ်တဲ့ ဖတ်ဖတ်မောတဲ့ ပုံစံတွေနဲ့လဲ တပည့်တော်တို့ အကုန်မခံနိုင်ဘူး ဘုရား၊ နေ့စဉ်ရှာဖွေစုဆောင်းတဲ့ ပိုက်ဆံကြေးငွေထဲက၊ ဒါန ပျားရည်ရအောင် တပည့်တော်တို့ ထုတ်လုပ်မယ်ဘုရား၊ သီလပျားရည်၊ သမာဓိပျားရည်၊ ဝိပဿနာ ပျားရည်တွေ ပေါ်လာအောင် ကုန်သွားတဲ့အထဲက မကုန်တဲ့ တရားပျားရည်လေးတွေ ကျန်အောင် တပည့်တော်တို့ ထုတ်လုပ်ဖော်ထုတ်မယ်ဘုရား"လို့ ပါးစပ်ကသာ မပြောတာ၊ တရားသဘော အဓိပ္ပါယ်က ဒီအတိုင်းဆောင်တာ၊ သေသေချာချာ သဒ္ဓါ၊ ပညာနဲ့ အာရုံပြုရင် ဒီအတိုင်းပဲ။

အဲသလို ပုံစံနဲ့ ပန်း (၃)ပွင့်ထံ ချဉ်းကပ်၊ ပန်းဝတ်ရည်စုတ် တရားပျားရည် ထုတ်လုပ်မလို့လေ၊ အဲသလို ပုံစံနဲ့သွားကြရင် အိမ်တိုင်းအိမ်တိုင်းဟာ ပျားအုံကြီးတွေပဲ၊ တရားပျားရည်ထုတ်လုပ်တဲ့ ပျားအုံကြီးတွေပဲဖြစ်မှာပေါ့၊ လူ့ဘဝရလဒ် (၃)ခု၊ အပြည့်ရဖို့ လူ့ဘဝချမ်းသာကိုရအောင်ယူတတ်ပါပြီ။

* * *

www.dhammaransi.com

# ချိန်သီးနှင့် လက်တံ

တရားပျားရည်ကို ထုတ်လုပ်ချင်တော့ ဘာလိုသလဲ၊ ချိန်သီးနဲ့ လက်တံလိုတယ်၊ အားလပ်ချိန်ကို လုံးဝမတောင်းပါ၊ ပိုက်ဆံကို လုံးဝမတောင်းပါ၊ စိတ်ချမ်းသာချင်တဲ့ ပုဂ္ဂိုလ်များအတွက် စိတ်သန့်ရှင်းစင်ကြယ်မှုကိုသာ တောင်းပါတယ်၊ စိတ်ကောင်းကိုသာ တောင်းပါတယ်။

သာသနာက "ဟော့...စိတ်ချမ်းသာချင်တဲ့ ပုဂ္ဂိုလ် ပိုက်ဆံ ဘယ်နှစ်သိန်း စရံသွင်းရမယ်"လို့ မတောင်းပါဘူး၊ သာသနာသည် အရင်းအနှီးအများကြီး ဆက်ပြီးခံမှ၊ အနစ်နာခံ ဖော်ထုတ်ထားတဲ့ သာသနာဖြစ်ပါတယ်၊ သူများဆီက ဘာမှ မတောင်းပါဘူး။

www.dhammaransi.com



အများအတွက်ကို အနစ်နာခံပြီးမှ ဖော်ထုတ်ခဲ့တဲ့ သာသနာဖြစ်တာကြောင့် ဘယ်သူ့ထံက ဘာမှ မတောင်းတော့ပါဘူး၊ စိတ်ကောင်းပဲ တောင်းတယ်။

စိတ်ကောင်းစွမ်းအား ရှိမယ်ဆိုရင် လူ့ဘဝမှာ ချမ်းသာစွမ်းအား ဆိုတာရှိရမယ်၊ ဒါကြောင့် ချိန်သီးနဲ့ လက်တံတောင်းတယ်။

တရားစွမ်းအားဆိုတာ ဘဝလုပ်ငန်းထဲထိ ထည့်နိုင်မှ သာသနာနဲ့ တွေ့တယ်လို့ ခေါ်တယ်။

တချို့ရိပ်သာတွေသွား တရားအားထုတ်ကြ အချိန်စေ့လို့ ပြန်လာတရားတွေရိပ်သာထဲ ထားပစ်ခဲ့တယ်၊ အိမ်ကိုပါမလာဘူး၊ (အလုပ်သဘောက အိမ်ပါမလာဘူး) အိမ်ရောက်တော့ ခါတိုင်းလို ခါတိုင်းအတိုင်းပဲ နေလိုက်ပြန်တာပဲ။

တရားပွဲသွား တရားနာကြ၊ တရားပွဲပြီးတော့ တရားကို တရားပွဲမှာ ထားပစ်ခဲ့တယ်၊ အိမ်ပါမသွားဘူး။

တကယ်တော့ တရားလာနာကြတယ်ဆိုတာ အလုပ်သဘော မသိသေးတာ သိဖို့၊

www.dhammaransi.com



သိပြီးသားကို သတိတွေပေါ်လာဖို့၊ နိုးကြားလာဖို့ တက်ကြွလာဖို့၊ အဲဒီအသိတရားကို ဘဝလုပ်ငန်း ခွင်ထဲမှာ အကုန်ထည့်သုံးနိုင်မှ သာသနာနဲ့ တွေ့တယ်လို့ ခေါ်ပါတယ်။

ဘဝလုပ်ငန်းခွင် မနက် အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန် အတွင်းမှာ အကုန်ထည့်သုံး တတ်မှ "ဟောဒီနေရာတော့ ဒါနရနိုင်တယ်၊ ဒါန ငါယူထားလိုက်မှ၊ ဟောဒီနေရာမှာ သီလကုသိုလ် ရနိုင်တယ်၊ ဝေယျာဝစ္စကုသိုလ်လေးတွေ ရနိုင် တယ်၊ ဝေယျာဝစ္စသီလ ကုသိုလ်လေးတွေ ရနိုင် တယ်၊ ဟောဒီနေရာမှာတော့ သမာဓိလေးတွေ ရနိုင်တယ်၊ သမာဓိ ကုသိုလ်လေးတွေ ယူထား လိုက်မှ၊ ဟောဒီနေရာမှာတော့ ဝိပဿနာ စွမ်းအား လေးတွေ ရနိုင်တယ်၊ ဝိပဿနာလေးတွေ ယူထား လိုက်မှ–

အိမ်ထဲမှာနေရင်း၊ လုပ်ငန်းခွင်ထဲဝင်ရင်း၊ တစ်ခါထဲ တရားနဲ့ ခန္ဓာဝန် ထမ်းဆောင်မှုဟာ တစ်သားထဲပေါင်းမိထားရ၊ တစ်သားထဲ ပေါင်းမိမှ သာသနာနဲ့ တကယ်တွေ့တယ်လို့ ခေါ်တာပါ။

* * *

www.dhammaransi.com

# တရားကွင်းဆက် မမိသူများ

တရားကွင်းဆက် မမိတဲ့ ပုဂ္ဂိုလ်တွေ နားထောင်ကြည့်ပေါ့ "စားဝတ်နေရေး၊ စီးပွားရေး လူမှုရေးတွေနဲ့ လုံးချာလည် လိုက်နေလို့ ကုသိုလ် ကို မလုပ်အားသေးဘူး၊ တရားကိုလဲ အားမထုတ် အားသေးဘူး၊ အားရတယ်ကို မရှိဘူး"နဲ့ သူတို့မှာ ခြုံသံပါအောင် ညည်းနေကြတယ်။

အမှန်တော့ မအားတာ မဟုတ်ပါဘူး၊ အချိန်ကို မယူတတ်တာပါ၊ တရားဆိုတာ အချိန်ကို ယူတတ်အောင်လို့ အချိန်ပေးတာပါ။

အချို့ပုဂ္ဂိုလ်တွေ ရုပ်ကတော့ အနားယူ တယ်လေ၊ ကုလားထိုင်ပေါ်ထိုင်ပြီး ရုပ်က အနား ယူတယ်၊ စိတ်ကနားမှ မနားပဲနှင့် စိတ်က အတိတ်နဲ့ အနာဂတ် ရောထွေးပြီး ထောင်းထု

www.dhammaransi.com



နေတာပဲ၊ ရုပ်သာ နားတာ၊ စိတ်မနားဘူး၊ အဲဒါကိုပဲ မအားဘူး ပြောကြတာ။

လူကြည့်လိုက်တော့လဲ ဒီအတိုင်းပဲ ငုတ်တုတ်ကြီးထိုင်လို့ အနားယူလို့၊ စိတ်က မနားဘူး၊ တရားကို (၁)မိနစ်လေး မပေးဘူး။ စွမ်းအားကို (၁)မိနစ်လေးရအောင် မယူဘူး။

ဒါကြောင့် တောင်းတာက ချိန်သီးနဲ့ လက်တံ၊ ဘယ်တော့မှ မရိုးနိုင်တဲ့ တရား လုပ်ငန်းစဉ်လေးပါ။

ချိန်သီးဆိုတာ၊ သတိနဲ့ပညာ (၂)ပါးကို ပြောတာ၊ ပိုက်ဆံ ပေးစရာမလိုပါ၊ အချိန် လုံး၀ ပေးစရာ မလိုပါ။

ကိုယ်မအားဘူး ထင်ခဲ့တဲ့ အချိန်တွေ၊ အဲဒီချိန်သီးသာ တပ်ပေးလိုက် ပျော်စရာကောင်းအောင် အားတာတွေ တွေ့လာပါလိမ့်မယ်၊ စောစောက မလုပ်အားတဲ့ အချိန်တွေ အားလာတာ တွေ့လာပါလိမ့်မယ်။

* * *

6A

www.dhammaransi.com

# သတိဆိုတာ

သတိဆိုတာ အချုပ်ထိန်း ကိရိယာ၊ စိတ်ထိန်း ကိရိယာ၊ သတိနဲ့ ပညာက ဘဝရဲ့ ချိန်သီးတဲ့၊ ဘဝမတိမ်းအောင် ထိန်းပြီးတော့ ပေးနိုင်တဲ့ ချိန်သီးပါ။

သတိဆိုတာ အာရုံကို ဖော်ပေးရတယ်။ ဘယ်အလုပ်လုပ်ချင် သလဲ ပြောစမ်း၊ အာရုံကို ပုံဖော်ပေး၊ ပုံဖော်ပေးတဲ့ အလုပ်တိုင်း တရား အလုပ်ဖြစ်မှာပါ၊ အာရုံကို ပုံဖော်ပေးရမယ်၊ အာရုံနဲ့ စိတ် "ချုပ်" ကနဲနေအောင် ကပ်ပေး ရတယ်။

ချက်ရင်းပြုတ်ရင်း စားရင်းသောက်ရင်း လုပ်ရင်းကိုင်ရင်း လမ်းသွားရင်း သူ့မှာ အလကား

F.

www.dhammaransi.com



အလုပ်တစ်ခုမှ မရှိပါဘူး၊ နောက်ဆုံး ကိလေသာဖြစ်တာတောင်မှ သတိဝင်နေရင်၊ ဘာဝနာ အာရုံဖြစ်အောင် ပြောင်း,ပြောင်းပြီး ယူတတ်လာတယ်၊ သူ့မှာ အလကား အားငယ်စရာ ကုန်သွားတဲ့အချိန်မရှိပါဘူး။

ဒါကြောင့် သတိကို အချိန်ထိန်း ကိရိယာ၊ အာရုံထိန်း ကိရိယာ၊ စိတ်ထိန်း ကိရိယာလို့ခေါ်လို့ဖြစ်တယ်။

အာရုံကို ပုံဖော်ပေးရမယ်၊ အာရုံနဲ့ စိတ်ကပ်ပေးရမယ်၊ အလုပ်မပြီးခင် အာရုံမပျောက်အောင်ထိန်းထားနိုင်ရမယ်၊ အလုပ်တစ်ခု လုပ်နေစဉ်မှာမဆိုင်တဲ့ အာရုံ ကြားဖြတ်ဝင်မလာရအောင်ကာကွယ် စောင့်ရှောက်ပေးနိုင်ရမယ်။

ပြီးတော့ အလုပ်တိုင်း အရေးကြီးတယ်လို့သဘောထား၊ ကိုယ်အလုပ်လုပ်ရပြီဆိုရင် ဒီအလုပ်ဟာ အရေးမကြီးဘူးလို့ ပေါ့တော့တော့ မလုပ်နဲ့အရေးကြီးတယ်လို့ သဘောထား။

သတိက ပစ္စုပ္ပန်တိုင်း မြတ်နိုးပါ၊ ပစ္စုပ္ပန်တိုင်း လေးစားပါ၊ ပစ္စုပ္ပန်တိုင်း တန်ဖိုးထားပါ၊

www.dhammaransi.com



သင် မြတ်နိုးသော တန်ခိုးသည် ပစ္စုပ္ပန်ထဲ၌ အပြည့်ပါသည်၊ ခွဲဖြစ်အောင် ခွဲထုတ်ယူပါ။

သင်အလွန်အားကိုးနေသော လူ့တန်ခိုး စိတ်တန်ခိုးဟူသည် ယခု သင်ကိုင်ထားသော ပစ္စုပ္ပန်ထဲမှာ အပြည့်ပါသည်။ ပစ္စုပ္ပန်ကို လိမ်မာပါးနပ်စွာ ခွဲထုတ်သုံးယူပါ။

ဒါကြောင့် သတိက ပစ္စုပ္ပန်ကို တန်ဖိုးထားဖို့ ပြောတယ်။ အလုပ်တိုင်း အရေးကြီးတယ်။

အခု ဘာလုပ်နေသတုန်း၊ ထမင်းချက်နေတယ်လေ၊ အေး...ထမင်းချက်တာ အရေးအကြီးဆုံးနော်၊ ဟောဒီထဲမှာ သတိထည့်ပေး၊ ထမင်းအိုးထဲ ဒါန သီလ ဘာဝနာ အပြည့် ပါတယ်နော်။

မင်း အခု ဘာလုပ်နေတုန်း၊ လမ်းသွားနေတယ်ဗျ၊ အေး...လမ်းသွားတာ အရေးကြီးတယ်နော်၊ ခြေတစ်လှမ်း၊ ကုဋေတစ်သန်း တန်သတဲ့၊ အသွားမတော်တော့ တစ်လှမ်းတဲ့ဗျ၊ သတိ, ပညာ လက်လွတ်သွားရင် ခြေတစ်လှမ်းမှာ ဆူးစူးတတ်တယ်၊ ခလုတ်တိုက်တယ်၊ ချော်လဲတတ်တယ်ဗျ။

www.dhammaransi.com



သတိလေးပါသွားရင် ခြေတစ်လှမ်းဟာ ကုဋေတစ်သန်းမက တန်သတဲ့ဗျ၊ သိတတ်တဲ့ အသိလေးနဲ့ သိစရာလေးတွေ ပိုင်း, ပိုင်းပြီး ကြည့်တော့ ဝိပဿနာ စွမ်းအား အပြည့်ပါတယ် နော် စသည်ဖြင့် သတိက ပစ္စုပ္ပန်တိုင်း တန်ဖိုး ထားပါ။

တရားနာတယ်ဆိုတာ ကိုယ့်အတွက် လုပ်ငန်းစဉ် ကျန်ခဲ့ရမှာ ဒါကြောင့် ပျားကောင်ပမာ ဖြောင့်မှန်စွာ ကောင်းစွာ စုဆောင်းချင်တဲ့ ပုဂ္ဂိုလ် ဆိုရင် သတိချိန်သီးကို အရေးတကြီးတောင်းတယ်၊ ဒို့အားမှ မအားပဲဆိုတာ မရှိရဘူး။

* * *

www.dhammaransi.com

# ဘယ်သူမှ မအားဘူး

ဘဝခန္ဓာ ထမ်းဆောင်နေတဲ့သူ၊ ဘယ်သူမှ မအားပါဘူး၊ အဲဒီထဲက ရအောင်ယူကြလို့သာ တရားအလုပ်ချိန်ဆိုတာ ပေါ်လာကြတာပါ၊ မအားဘူးဆိုတဲ့ထဲက အချိန်တွေ အားလာတာ တွေ့ရမယ်၊ တရားအထိန်းကောင်းရင် အားတဲ့ အချိန်ပေါ်လာလိမ့်မယ်။

(၁)မိနစ်လုပ်ရမယ့် အလုပ်၊ (၁)မိနစ်နဲ့ ပြီးအောင် လုပ်နိုင်လာလိမ့်မယ်၊ (၅)မိနစ်နဲ့ ပြီးအောင် လုပ်ရမယ့် အလုပ် (၅)မိနစ်နဲ့ ပြီး လိမ့်မယ်။

www.dhammaransi.com

# ပညာချိန်သီး

တစ်ခါ ပညာချိန်သီးတဲ့၊ ပညာဟာ အဓိက အားဖြင့် သာသနာက ပြထားတာက ကမ္မသကာ တသမ္မာ ဒိဋ္ဌိ ပညာဆိုတဲ့၊ ကြောင်းကျိုး ဆက်သွယ် ကြည့်နိုင်တဲ့ ပညာရယ်၊ ဝိပဿနာ သမ္မာဒိဋ္ဌိဆိုတဲ့၊ ရုပ်နာမ် ခန္ဓာအရှိ၊ ဉာဏ်နဲ့ မြင်အောင် ကြည့်နိုင်တဲ့ စိတ်နှင့် အပူခွာ၍ ခွာ၍ ပေးတတ်တဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိရယ် (ဉာဏ်မျက်လုံးနှစ်ခုပေါ့)

အဝေးကြည့်မျက်မှန်၊ အနီးကြည့် မျက်မှန် လို့ တင်စားခေါ်လို့ရတယ်၊ မှန်ပြောင်းနဲ့ မှန်ဘီလူး လို့ တင်စားခေါ်လို့ရတဲ့ ဉာဏ်မျက်လုံး နှစ်ခုပါ။

ကြောင်းကျိုးဆက်သွယ်ကြည့်နိုင်တဲ့ ဉာဏ် မျက်လုံးရယ်၊ ရုပ်နာမ်ခန္ဓာအရှိ၊ ပြတ်ပြတ်

www.dhammaransi.com



သားသားမြင်အောင် ကြည့်နိုင်တဲ့ ဉာဏ်မျက်လုံး ရယ်။

သူတို့လဲ ပညာချိန်သီးပဲ၊ ခါတ်ခွဲပေးတယ်၊ ချင့်ချိန်ချိန်တွယ်၊ တွက်ချက် ဆန်းစစ်ဝေဖန် ပေးပါတယ်။

* * *

www.dhammaransi.com

# သာသနာ့ဓာတုဗေဒဓာတ်ခွဲနည်း

ထမင်းချက်တယ်၊ ထမင်းအိုးထဲ ဒါန ဘယ်လောက်ပါသလဲ၊ လောကီဓာတ်ခွဲနည်းနဲ့ ခွဲလို့တော့ အဖြေဘယ်တော့မှ ထွက်မလာဘူး၊ သာသနာဓာတုဗေဒနည်းနဲ့ ဓာတ်ခွဲကြည့်လိုက် တော့ ထမင်းအိုးထဲမှာ ဒါနအပြည့်ပါတာ သိရ တယ် ပျော်လိုက်တာ။

မိသားစုအချင်းချင်း ကျွေးရတာကို ပျော် စရာ အလှူကြီးလို့ မြင်လာတော့ ပျော်လိုက်တာ၊ ငါ့လောက် အရတော်သူ ရှိသေးလို့လားတဲ့၊ သူများတွေတော့ (တရားအသိမရှိသေးသူ ပုဂ္ဂိုလ် တွေတော့) ထမင်းချက်တာ စားရင်ကုန်သွားမယ့်

www.dhammaransi.com



ထမင်းလောက်ပဲ ချက်နေတာ၊ ငါ့မှာတော့ စားပေမယ့် မကုန်နိုင်တဲ့ ဒါန၊ သီလ၊ ဘာဝနာ စွမ်းအား အပြည့်ပါတဲ့ ထမင်းအိုးကြီးကို ငါချက်နေရပါပြီကော၊ ဩော်...ထမင်းချက်တာ နိဗ္ဗာန်ရောက်ကြောင်း မှန်လိုက်တာဟဲ့ (အားရှိသွားတယ်)

ထမင်းချက်နေရတာမို့ ကုသိုလ်မလုပ်အားသေးဘူးဆိုတာ သူ့မှာ မရှိတော့ဘူး၊ ထမင်းချက်တာနဲ့ တရားဟာ တစ်သားထဲ ပေါင်းမိသွားတယ်၊ ချိန်သီးပါတဲ့ ပုဂ္ဂိုလ်ဆိုတာ အဲဒါပဲ၊ အချိန်ထိန်း ကိရိယာဆိုတာဒါပဲ။

သူ့မှာ ထူးပြီး အချိန်မကုန်တော့ဘူး၊ ထမင်းအိုးထဲမှာ ဒါနပါမှန်း သိသွားတော့ မိသားစု အချင်းချင်း ကျွေးရတဲ့ ထမင်းပွဲကြီးကို ပျော်စရာ အလှူပွဲကြီးလို့ မြင်လာတယ်။

သီလ ဘယ်လောက်ပါသလဲ အပြည့်ပါမှန်း သိတယ်၊ အရမတောင့်မှ သီလစောင့်နိုင်မယ်ဆိုတော့ သီလအသွင် ကျေးဇူးပြုနေပုံတွေ မိသားစု ဝေယျာဝစ္စဟာလဲ သီလထဲမှာ ပါနေတာပဲ။

www.dhammaransi.com



သမာဓိ ဘယ်လောက်ပါသလဲ၊ သမာဓိ အပြည့်ထည့်လို့ ရတယ်၊ သတိနဲ့ ဝီရိယသာ တွဲကြည့်စမ်း၊ ခဏိကသမာဓိလေးတွေ တန်းစီလို့ မေတ္တာလေးပို့ပြီးတော့ ဤထမင်းကို စားကြမယ့် ပုဂ္ဂိုလ်တွေ၊ အားလုံးချမ်းသာကြပါစေလို့ မေတ္တာ ပွားပြီးတော့ ချက်ပြုတ်လိုက်ပြန်တော့ သမာဓိတွေ တန်းစီလို့ တော်တော်ဟန်ကျတယ်။

စောစောက ဒို့ ဒါမျိုး မသိခဲ့လို့ဟယ်၊ ဒါမျိုးသိခဲ့ရင်၊ ထမင်းအိုး တစ်လုံးတိုင်း၊ တစ်လုံး တိုင်းမှာ ကုသိုလ်အနန္တ ပျော်စရာကြီးတွေရခဲ့တာ ကြာရောပေါ့၊ ဒီလိုတောင် စိတ်ထဲမှာ ဖြစ်မိပါ လိမ့်မယ်။

ဟောဒီ ထမင်းအိုးထဲမှာ ဝိပဿနာ ဘယ်လောက် ပါဝင်နိုင် သလဲအပြည့်ပါမှန်း သိလာတယ်၊ ပညာဓာတ်ခွဲကျွမ်းကျင်တော့ သိတယ်ဗျာ၊ ဝိပဿနာလဲ တန်းစီလို့ပါလား။

သိတတ်တဲ့စိတ်နဲ့ သိစရာဆန်လေးတွေ၊ သိစရာဟင်းသီး ဟင်းရွက်လေးတွေ၊ သိစရာ

www.dhammaransi.com



ထမင်းလေးတွေ၊ တစ်ခုပြီးတစ်ခုပြောင်း၊ ပြောင်းပြီး သွားကြ ပုံလေးတွေ၊ သေသေချာချာ ကြည့်တတ်လို့ရှိရင်၊ စား၍ကုန်သည်အထိ ဝိပဿနာလေးတွေ တန်းစီလို့ရတယ်။

ဟော ထမင်းကတော့ စားလို့ကုန်တယ်၊ မကုန်နိုင်တာက ဒါန၊ သီလ၊ သမာဓိ၊ ဝိပဿနာ ကျန်ခဲ့တယ်၊ ထမင်းစားလို့ ကုန်ပေမယ့်၊ မကုန်နိုင်တဲ့ တရား ကျန်ခဲ့တော့၊ ပျော်စရာပေါ့ အားရှိရောပေါ့။

ထမင်းချက်တဲ့ ပုဂ္ဂိုလ်တွေ၊ ထမင်းကို စားရင် ကုန်သွားတယ်၊ အားငယ်ရောပေါ့၊ အကုန်စာရင်းပဲပြနိုင်တယ်၊ အရစာရင်း မပြနိုင်တော့ဘူး။

ပညာချိန်သီးတပ်တဲ့ ပုဂ္ဂိုလ်တွေ၊ အကုန်စာရင်း မပြပါဘူး၊ အရစာရင်းကို ပြပါတယ်။ (အဲလိုလဲဖြစ်ရမှာပါ)။

ဟော ဈေးရောင်းတယ်ဗျာ၊ ဈေးရောင်းတဲ့ထဲ ဒါန ဘယ်လောက် ပါသတုန်း၊ အပြည့်ပါမှန်း သိတယ်၊ ရောင်းကုန်ပစ္စည်းထဲမှာရော၊

www.dhammaransi.com



ရောင်းလို့ရတဲ့ ပစ္စည်းထဲမှာရော၊ ဒါနသတ္တိ စိတ်ကြိုက် ထည့်လို့ရမှန်း သိလာတယ်၊ သီလ၊ သမာဓိ၊ ဝိပဿနာ စိတ်ကြိုက် ထည့်လို့ ရနိုင်မှန်း သိလာတယ်၊ ဈေးရောင်းရတာလဲပျော်လို့။

လောဘကြောင့် ပျော်တာနဲ့ မတူပါဘူး၊ တရားရလဒ်လေးနဲ့ ပျော်လို့၊ အဲသလို ပျော်အောင် ပညာခေတ်ခွဲကျွမ်းကျင်တယ်။

ဟင်းချက်တော့လဲ ဒီအတိုင်းပါ၊ ဟင်းအိုးထဲ ဒါန သီလ ဘာဝနာ ဘယ်လောက်ပါသလဲ၊ ပညာခေတ်ခွဲကျွမ်းကျင်သူတွေက အပြည့်ပါမှန်း သိတယ်။

* * *

www.dhammaransi.com

# မီးဖိုချောင်ထဲမှာ တရားရှာ

ဘုရားလက်ထက်က ထေရီကာ အိမ်ရှင်မတို့၊ မီးဖိုချောင်ထဲ ချက်ရင်း ပြုတ်ရင်းနဲ့ တရားစွမ်းအား ယူခဲ့တာပဲ။

မနက်အိပ်ရာက ထလာရင် စိတ်သန့်စင်တဲ့ စက်ကြီးထဲ စိတ်ကို ရေးဦးစွာထည့်၊ စိတ်ကောင်း ထုတ်လုပ်တဲ့ စက်ကြီးထဲ စိတ်ကို ရေးဦးစွာထည့်၊ စိတ်အပူတွေ အအေးခံတဲ့၊ ဗုဒ္ဓအာရုံ၊ တရားအာရုံ ဆိုတဲ့ စက်ကြီးထဲမှာ စိတ်ကို ထည့်ပြီးကာမှ အိမ်အလုပ်ကို လုပ်တယ်။

ဒီနေ့မအားဘူးလို့ မရှိဘူး၊ တစ်နေ့လုံး ဖြေရှင်းပေးမှာက ဒီစိတ်စွမ်းအားက ဖြေရှင်းပေးမှာ၊ သန့်စင်တဲ့ စိတ်ကသာ ကိုယ့်တစ်နေ့တာကို

www.dhammaransi.com



တာဝန်ယူပေးမှာ ပူလောင်ရှုပ်ထွေးစွာ သွားလို့ကတော့ တာဝန်ယူမှာ မဟုတ်ဘူး။

ဒါကြောင့် စိတ်သန့်ရှင်းစင်ကြယ်တော့ "လ"မျက်နှာပေါ့ ပညာချိန်သီးကလဲ ခါတ်ခွဲ သိပ်ကျွမ်းကျင်တော့ အိမ်ထဲမှာနေရင်းနဲ့ နိဗ္ဗာန် ရောက်ကြောင်း တရားကောင်းတွေ ရနိုင်မှန်း သူ့မှာသိပြီးတော့ ပျော်လို့။

ထမင်းဟင်းချက်တော့ သူ့မှာ ဒါနထုပ်ကြီး တွေ၊ သီလ ထုပ်ကြီးတွေ၊ ဝိပဿနာထုပ်ကြီး တွေပေါ့။

တစ်နေ့၊ မီးဖိုချောင်ထဲမှာ ဟင်းတစ်လုံး ချက်တယ်၊ ဟင်းအိုးထဲ ထည့်သင့်တာတွေထည့်၊ ရေတွေထည့်၊ အောက်ကမီးထိုး၊ အချိန် တန်တော့ ရေတွေ ဆူပွက်ကျက်လာ၊ အသင့်ပြင်ထားတဲ့ ဟင်းသီး ဟင်းရွက် လတ်လတ်ဆတ်ဆတ်တွေ၊ ဆူပွက်နေတဲ့ ဟင်းအိုးထဲထည့်၊ ပကတိမျက်စိနဲ့ ကြည့်တယ်။

ပကတိမျက်စိနဲ့ ကြည့်ရင်းနဲ့၊ ညှိုး, ကျက် သွားတာ မြင်တော့ ဉာဏ်အသိလေး နောက်က

www.dhammaransi.com



လိုက်လာတယ်၊ ပညာခေတ်ခွဲမှုလေးက နောက်က ပါလာတယ်။

ဟယ် လောကမှာ ဘာမှလဲမခိုင်မြဲဘူးနော်၊ ခုနပဲ လန်းလန်းဆန်းဆန်း၊ လတ်လတ်ဆတ်ဆတ် ဟင်းသီးဟင်းရွက်လေးတွေ မီးပူဒဏ်၊ ရေပူဒဏ်ကြောင့် ချက်ခြင်း ညှိုးပြီးတော့ ကျက်ကုန်ပြီ ဘာမှလဲမခိုင်မြဲပါလား။

ပကတိ မျက်လုံးအကြည့်ပေါ်မှာ ဉာဏ်မျက်လုံး အသိက ဉာဏ်ခေတ်ခွဲမှုနောက်က ပါလာတယ်၊ ဒီတော့ ခန္ဓာဉာဏ်လှည့် လိုက်တယ်၊ ဒီခန္ဓာကြီးကော ဘာထူးလဲ။

တစ်နေ့ကို နှစ်ထပ်မက ဆယ်ထပ်ပဲ ကျွေးကျွေး၊ ကျွေးချင်သလောက်ကျွေး၊ ဇရာမီးတွေက တဟုန်းဟုန်း၊ သခ်ါရမီးတွေက တဟုန်းဟုန်း။

မီးတဟုန်းဟုန်း တောက်လောင်ခံနေတဲ့ ဒီခန္ဓာကိုယ်ကြီးကလဲပဲ ဘယ်အချိန်မှ ရပ်နေတယ်မရှိ၊ တဖြုတ်ဖြုတ်ပြောင်းပြောင်းပြီးတော့ ရင့်ကျက်နေပြီ။

www.dhammaransi.com



ဉာဏ်သတိလေးစိုက်လိုက်ပြီး (ဝိရိယနဲ့ သတိတွဲပြီးတော့) ခန္ဓာရုပ်နာမ် အစဉ်အတန်းကြီးကို ကြည့်လိုက်တာ ရုပ်နာမ်ခန္ဓာ အစဉ်အတန်းကြီး အသိဉာဏ်ထဲပေါ်လာတယ်၊ အဲဒါ မရုပ်မနား ရှုပြီးပွားများလိုက်တာ ဝိပဿနာ ဉာဏ်ရင့်ပြီး မီးဖိုချောင်ထဲတင် သောတာပန်၊ သကဒါဂမ်၊ အနာဂမ် ဖြစ်သွားတယ်၊ ဟင်းချက်တာ အနာဂမ် ဖြစ်သတဲ့ (အဲဒါ ဓာတ်ခွဲကျွမ်းကျင်တာလေ) အမှန်တော့ အိမ်တိုင်း အိမ်တိုင်း ဟင်းချက်နေကြတာပဲ၊ သို့သော် ချိန်သီးက ကွာတော့ ရလဒ်ကွာနေကြတာပါ။

* * *

F. 7A

www.dhammaransi.com

# ကိုယ့်အလုပ်ကိုယ်လုပ်ပါ

အလုပ်ကတော့ ဒါ , ဒါပဲ၊ တရားကလဲ အိမ်အလုပ်တွေ မလုပ်ကြနဲ့ အကုန်လုံး ရိပ်သာသွားကြ၊ အကုန်လုံး ဘုရားကျောင်း ကန်သွားကြလို့ ဘယ်သူ့ကိုမှ မပို့ပါဘူး၊ လုပ်ပါ၊ ခန္ဓာရှိနေတာပဲ။

ကိုယ့် အလုပ်ကိုယ်လုပ်ပါ၊ နေ့စဉ်လုပ်နေကျ လုပ်ပါ၊ သို့သော် အသိလေးတော့ ထည့်ပါ။

ဘဝလုပ်ငန်းခွင်ထဲမှာ အသိလေးကို ထည့်ပေးပါ။ ကိုယ် နေ့စဉ်လုပ်နေတဲ့ အလုပ်ကို အလကား အလုပ် ဖြစ်မသွားပါစေနဲ့။ စွမ်းအားကို အပြည့်ယူထားပါ။ ထေရိကာအိမ်ရှင်မ မီးဖိုချောင်ထဲ ချက်ရင်း ပြုတ်ရင်း မဂ်ဖိုလ်ရသွားသလိုပေါ့။

www.dhammaransi.com



ဒါကြောင့် ပညာကလဲချိန်သီး၊ သဒ္ဓါနဲ့ ဝီရိယ (၂)ပါးက လူ့ဘဝလက်တံ (၂)ချောင်း၊ ဒါတွေက လက်တွေ့ အသုံးချပညာတွေပါ။ နားထောင်ကောင်းရုံလေး နာရမယ့် တရားတွေ မဟုတ်ကြ၊ နားထောင်ကောင်းလို့ နားထောင်နေရမယ့် တရားများ မဟုတ်ကြ၊ လက်တွေ့ချက်ခြင်းကို အသုံးချရမှာ။

သဒ္ဓါဝီရိယဆိုတာ လူ့ဘဝ လက်တံ (၂)ချောင်း၊ သဒ္ဓါတရားက စိတ်ကောင်းဖော်ထုတ်တယ်၊ စိတ်ကိုသန့်စင်တယ်၊ ဆက်သွယ်ရေးတာဝန်ယူတယ်။

ဆက်သွယ်ရေး စိတ်ချရတော့ ပို့ဆောင်ရေးစိတ်အေးရတာပေါ့ ကောင်းတဲ့အလုပ်တွေနဲ့ ဆက်သွယ်ပေးတယ်၊ ကောင်းကျိုးတရားတွေနဲ့ ဆက်သွယ်လို့ ပေးတယ်။

* * *

www.dhammaransi.com

# အားထုတ်ခြင်း (၂) မျိုး

ဝီရိယက အားထုတ်ပေးတယ်။ အားအပင် စိုက်ပျိုးပြီးတော့ အားစိုက်တယ်။ အားတွေကို ပေါ်လာအောင် ထုတ်ပေးတာမို့ အားထုတ်တယ်လို့ ခေါ်တယ်။ အားထုတ်တယ်ဆိုတဲ့ နေရာမှာ လူရဲ့ အားထုတ်ခြင်းဟာ အကျဉ်းချုပ် (၂)မျိုးရှိတယ်။

(၁) အားတွေကို ဘေးကို ထုတ်ပစ်တဲ့ အားထုတ်ခြင်းက တစ်မျိုး၊

(၂) အားတွေကို ဘေးကို ထုတ်မပစ်ပဲ၊အတွင်းမှာ ထုတ်ယူ ထားလိုက်တဲ့ အားထုတ်ခြင်းက တစ်မျိုး၊

အသံချင်းတော့တူတယ်။ ရလဒ်မတူပါဘူး။

www.dhammaransi.com



အားတွေကို ဘေးကိုထုတ်ပစ်တယ် ဆိုတာက သတိပညာ ချိန်သီးမပါတဲ့ ပုဂ္ဂိုလ်တွေရဲ့ အလုပ်မှန်သမျှ အားတွေကို ဘေးကို ထုတ်ပစ်တယ် ခေါ်ပါတယ်။ သူနားတော့ မနားဘူး၊ မနက်အိပ်ရာ ထကထဲက ချက်ဟဲ့ ပြုတ်ဟဲ့ သွားဟဲ့ လာဟဲ့၊ ရောင်းဟဲ့ ဝယ်ဟဲ့၊ ရှာဟဲ့ ဖွေဟဲ့နဲ့ အနားတော့ မနေရရှာဘူး၊ သို့သော် သူအား ထုတ်နေတာကြီးဟာ အကုန်လုံး ဘေးကို ထုတ်ပစ်တယ်၊ မောကုန်ရောပေါ့။

အားတွေ လျော့ကုန်တယ်၊ အားတွေ ငယ်ကုန်တယ် "ဒို့မှာ စားဝတ်နေရေး စီးပွားရေး တွေနဲ့ လုံးလည်ချာလည် လိုက်နေလို့ ကုသိုလ်ကို မလုပ်အားသေးဘူး"ဆိုပြီး အားတွေကို ငယ်လို့ (အားတွေဘေးထုတ်ပစ်တာကိုး)။

အဲဒီပုဂ္ဂိုလ်ဟာ အချိန်တန် နားရင်နား၊ မနားရင် ဒုက္ခရောက်သွားမယ်။

သတိပညာချိန်သီးပါတဲ့ ပုဂ္ဂိုလ်တွေရဲ့ အားထုတ်ခြင်းဟာ အားကိုအတွင်းမှာ ထုတ်ယူ ထားလိုက်တယ်၊ အားကို အတွင်းမှာ ထုတ်ယူ

www.dhammaransi.com



ထားလိုက်တော့ ကြည့်လေ ထမင်းချက်တာ နိဗ္ဗာန်ရောက်ကြောင်းပါလား၊ ဒါန သီလ ဘာဝနာ အပြည့် ပါနေတယ်လေ၊ စားလို့သာ ကုန်သွားမယ်၊ မကုန်နိုင်တဲ့ တရားတွေ သူ့မှာ ကျန်ခဲ့တယ်။ (အဲဒါက အားကိုအတွင်းမှာ ထုတ်ယူထား လိုက်တာ)။

စျေးရောင်းတဲ့ ပုဂ္ဂိုလ်ကြည့်ပေါ့၊ အားကို အတွင်းမှာ ထုတ်ယူ ထားလိုက်တော့၊ စျေးရောင်း ပြီးတာနဲ့ ဒါနသီလ ဘာဝနာလက်ထဲ အပြည့် ကျန်ခဲ့တယ်၊ လမ်းသွားတဲ့ပုဂ္ဂိုလ်လဲ ထို့အတူပဲ။

အားကို အတွင်းမှာ ထုတ်ယူထားတဲ့ ပုဂ္ဂိုလ်ကျတော့ ခြေတစ်လှမ်း၊ ခြေတစ်လှမ်းမှာ ဘာဝနာသတ္တိတွေ အများကြီးကျန်ခဲ့တယ်၊ အဲသလို စသည်ဖြင့် အားကိုအတွင်းမှာ ထုတ်ယူ တယ် ဆိုတာ သတိပညာချိန်သီးပါသော ပုဂ္ဂိုလ် တွေရဲ့ အားထုတ်ခြင်း။

သာသနာနဲ့ တကယ့်တွေ့တဲ့ ပုဂ္ဂိုလ်ဆိုတာ အားကိုအတွင်းမှာပဲ ထုတ်ယူတတ်ရပါမယ်၊ ထုတ်ယူဖို့လဲ သတိ, ပညာချိန်သီး လိုတယ်။

www.dhammaransi.com



ဒါကြောင့် ဘဝလုပ်ငန်းခွင်အတွင်းမှာ ကိုယ့်အသိ လုပ်ငန်းလေးကို ထည့်ပေးပါ။ လုပ်နေကျ အလုပ်ကို ဆက်လုပ်မြဲလုပ်ပါ။ စားဝတ်နေရေး (ခါတိုင်းအတိုင်းပဲ)ဆက်လုပ်ပါ။ သို့သော် အသိတော့ ထည့်ပေးပါ။ ကုန်သွားတဲ့အထဲက မကုန်တာ ကျန်ခဲ့ပါစေ။

အငှားဖြစ်တဲ့ ခန္ဓာနဲ့ အငှားဖြစ်တဲ့ပစ္စည်းကို အပိုင်ဖြစ်တဲ့ တရားနဲ့ လဲလှယ်တတ်ပစေ၊ အဲသလို ယူနိုင်မှ တရားစွမ်းအား ဆိုတာရမယ်၊ မေတ္တာနှလုံး၊ အလှဆုံး ပုံစံနဲ့ အလှဆင်နိုင်မယ်။

ဒါကြောင့် သတိ, ပညာ ချိန်သီးလိုတယ်၊ သဒ္ဓါ, ဝီရိယ လက်တံလိုတယ်, အဲဒါတွေ ပြည့်စုံတဲ့ ပုဂ္ဂိုလ်များဟာ မိမိ သူတစ်ပါးလောကသာသနာကို အလှတန်ဆာ ဆင်ပေးနိုင်တယ်၊ ပျားကောင်ပမာ၊ ဖြောင့်မတ်စွာ၊ ကောင်းတာကိုသာ ရပြီး ပျော်ရွှင်ချမ်းမြေ့စွာ နေတတ်တယ်၊ ပျော်စရာအတွင်းမှာ ရှာတတ် လာတယ်။

ပြင်ပမှာ ပိုက်ဆံအများကြီးကုန်ပြီးတော့ ဖတ်ဖတ်မောအောင် မရှာဘဲ အတွင်းမှာ ပိုက်ဆံ

www.dhammaransi.com



တစ်ပြားမှ မကုန်ရပဲနဲ့ ပျော်စရာလေးတွေ ရှာတတ်လာတယ်။

ဒါကြောင့် ယခု ၁၅၅ လမ်း မိသားစု အပေါင်း သူတော်ကောင်းတွေ မေတ္တာတရားနဲ့ ပေါင်းစုပြီး ဆောင်ရွက်လိုက်ကြတာ၊ တရားပွားရည်တွေလဲ အများကြီးရပေါ့။ လောကအတွက်လဲအကျိုးရှိ၊ သာသနာအတွက်လဲ အကျိုးရှိ ဘယ်မျက်လုံးနဲ့ပဲ ကြည့်ကြည့် ကောင်းတယ်လို့ပဲ ပြောကြမှာပါ။

* ယင်ကောင်ပမာ၊ ရုပ်တွေးစွာ၊ ကောင်းတာမစုက၊
* ခရေနှောင်ပါ၊ ပုလောင်ကာ ချမ်းသာဆုံးရှုံးရ၊
* ပျားကောင်ပမာ၊ ပြောင့်မှန်စွာ ကောင်းတာစုထားမှ၊
* ခရေနှောင်ပါ၊ အေးမြကာ ချမ်းသာရနိုင်ကြ၊
* သတိပညာ ချိန်သီးမှာ ကောင်းစွာတတ်ထားမှ
* လုံ့လသဒ္ဓါ၊ လက်တံမှာ၊ မှန်စွာလည်ပတ်ကြ
* လူ၏စွမ်းအားမြတ်တရားစိတ်ထားကောင်းမှ ရနိုင်ကြ။
* မေတ္တာနှလုံး၊ အလှဆုံး၊ ရွှင်ပြုံး အေးချမ်းရ၊

www.dhammaransi.com



သုပ္ပဗုဒ္ဓ၊ ကောင်စွာထူးခြား နိုးကြား
တက်ကြွ နှစ်ဖက်လှရလေအောင် ပဗုဒ္ဓ၊
မေတ္တာနှလုံး၊ အလှဆုံးဖြင့်၊ ရွှင်ပြုံးကြည်သာ
ကောင်းစွာမသွေ နိုးကြားနိုင်ကြစေကုန်သတည်း။

* * *

www.dhammaransi.com

# ဒေါ်သနှလုံး အဆိုးဆုံး

ဦးတုတ်နဲ့ ဒေါ်ပုတ်ဆိုတဲ့ ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်၊ ဦးတုတ်ကလဲ နာမည်နဲ့ လိုက်အောင် ဝတုတ်ကြီး၊ ဒေါ်ပုတ်ကလဲ နာမည်နဲ့ လိုက်တယ်၊ ပုတ်ကြီးလိုပဲ ဝတုတ်ကြီး။

ဝတာချင်းတူပေမယ့် စိတ်သဘောက တခြားစီ။

ဦးတုတ်က ဝသလောက် ဒေါ်သအလွန် ကြီးပါတယ်။ ဒေါ်ပုတ်က ဝသလောက် နှလုံးသား အလွန်အေးချမ်းပါတယ်။ ဦးတုတ်ဟာ ဇနီး ဒေါ်ပုတ်အပေါ်မှာ သဘောထားကောင်းမှုကို အခွင့်ယူပြီးတော့ ဆဲဆိုကြိမ်းမောင်း ငေါက်ငန်း အော်ဟစ် အဲသလိုတွေ အများကြီးလုပ်တယ်။

www.dhammaransi.com



အလုပ်သွားတော့မယ်ဆိုရင် "ဟေ့ မပုတ်၊ ဘယ်အလုပ်ပြီးအောင် လုပ်နှင့်နော်၊ မပြီးရင် အသေ" (သူက အသေစကားပြောနေကျ) အလုပ်ကပြန်လာရင် လူကို မမြင်ရသေးဘူး "ဟေ့ မပုတ်၊ ဘယ်အလုပ်ပြီးပြီလား၊ မပြီးသေးရင် မင်းအသေ။ (အသေစကားပြောနေကျ)။

ဒေါ်ပုတ်မှာ တစ်နေ့မှ စိတ်မချမ်းသာဘူး၊ နေ့တိုင်းဆဲသံဆိုသံ၊ ကြိမ်မောင်းသံနဲ့၊ နောက်ဆုံး တုတ်ကိုင်တာက ခဏခဏ အရက်တွေ သောက်လာတဲ့အခါ မူးရူးပြီး အဲသလို ဖြစ်နေတာ။

ဒေါ်ပုတ်ကြီးမှာ နေ့တိုင်း စိတ်ညစ်ရတယ်၊ အိမ်ပေါ်က နှင်ချတာလဲ ခဏခဏ၊ အဲဒါနဲ့ ဘုရားသံ၊ တရားသံ တစ်နေ့မှ မကြားရ ကျက်သရေ အလွန်မဲ့။

သူတို့ရဲ့ အပူ အခိုးအငွေ့တွေဟာ အိမ်နီးချင်းတွေအထိ ကူးစက်၊ သူတို့ကိုကြည့်ပြီး ပတ်ဝန်းကျင်ကတောင်မှ စိတ်ဆင်းရဲကြရတယ်။

"ဒေါသနှလုံး အဆိုးဆုံးတဲ့" မေတ္တာဆိုတာ လောကရဲ့ အကြီးမားဆုံး ဆွဲအားပါ၊ ရာပေါင်း

www.dhammaransi.com



များစွာ ထောင်ပေါင်းများစွာကိုတောင်မှ ဆွဲဆောင် ပေးနိုင်တယ်၊ အေးချမ်းအောင် ညီညွတ်အောင် ဆောင်ရွက်နိုင်တယ်။

ဒေါသဆိုတာ လောကရဲ့ အကြီးမားဆုံးသော ခွဲအားပါ၊ နှစ်ယောက်ထဲကိုတောင်မှ မတည့်အောင် ခွဲပစ်နိုင်တယ်၊ ဦးတုတ်ရဲ့ ဒေါသကို ကြည့်လေ နှစ်ယောက်ထဲတောင်မှ တည့်အောင် မနေနိုင်၊ အမြဲတမ်း ပူလောင်ပြီးနေရ၊ ကျက်သရေ ဆိုတာ လုံးဝ မရှိပါဘူး။

* * *

www.dhammaransi.com

# မရတာကို ရအောင်လုပ်

တစ်နေ့တော့ ဦးတုတ်အလုပ်သွားခိုက် ဒေါ်ပုတ်က ရွာဦး ဘုန်းကြီးကျောင်းကို သွားတယ်၊ ဘုန်းကြီးဆီ သွားပြီး အကူအညီ တောင်းတာပေါ့။

"ဘုန်းကြီးဘုရား၊ ဘုန်းကြီးဘုရား၊ ကိုတုတ်ကြီးဟာ ဒေါသ အလွန်ကြီးပါတယ် ဘုရား၊ တပည့်တော်မ အလွန်စိတ်ဆင်းရဲရပါတယ် ဘုရား၊ ကိုတုတ်ကြီး လိမ်မာအောင် ဆုံးမ ပေးပါဘုရား" ဆိုတော့ ဘုန်းကြီးက

"မပုတ်၊ မောင်တုတ်ဟာ ကျောင်းကို လာမှာလဲ မဟုတ်ဘူး၊ ဘုန်းကြီးက အိမ်လိုက်ဆုံးမ ရတယ်ဆိုတာလဲ သဘာဝမကျဘူး၊ ကဲ- မောင်တုတ်ကို နိုင်တဲ့နည်း ပြောလိုက်မယ် မေတ္တာပို့"

www.dhammaransi.com



"တပည့်တော်မ မေတ္တာပို့လို့ မရဘူး ဘုရား"

"အေး...မရတာကို ရအောင်လုပ်"

ဘုန်းကြီးကလဲ အကျိုးအကြောင်းပြပြီး အကြံပေး၊ ဒေါ်တုတ်ကလဲ စိတ်ညစ်တဲ့အကြောင်းတွေ တဖွဖွပြော။

"အင်မတန် ဆိုးတယ်ဘုရား၊ တပည့်တော်မကို အိမ်ပေါ်က ခဏခဏနှင်ချတယ်ဘုရား၊ နှင်ကာမှနှင်ရော၊ အဲဒီအိမ်ဟာ တပည့်တော်မ မိဘရဲ့ အမွေအိမ်ဘုရား၊ မနေချင်ရင် သူဆင်းသွားရမှာ အခုတော့ ပြောင်းပြန် သူက တပည့်တော်မကို နှင်ချတယ်၊ တပည့်တော်မ စိတ်ညစ်တယ်ဘုရား"

"အဲဒါကို ကိုယ်က မေတ္တာအအေးဓာတ်နဲ့ အနိုင်ယူ"

"မရဘူးဘုရား၊ မေတ္တာပို့လို့ မရဘူး"

"အဲဒီလို မရတာကို ရအောင်လုပ်"

* * *

www.dhammaransi.com

# အာရုံကို ပုံဖော်ပါ

ဘုန်းကြီးကလဲ အကျိုးအကြောင်းပြပြီး

"ကဲ... နင့်စိတ်ကို အကောင်းဆုံးထားနော်၊ ဒီနေ့ကစပြီး မောင်တုတ်ကို ကျကျနန မေတ္တာပို့စမ်း၊ အရင်ရှေးဦးစွာ အာရုံကို ပုံဖော်၊ အာရုံမှာ ပုံဖော်ပြီးတဲ့အခါ မောင်တုတ်ရဲ့ ကောင်းကွက်ကို မြင်အောင်ကြည့်၊ ကောင်းကွက်လေး ပေါ်လာပြီဆိုရင် ပြုံးကွက်ကလေး ဖန်တီး၊ ပြုံးကွက်ကလေး ပေါ်လာပြီဆိုရင် စိတ်ချမ်းသာတဲ့ ပုံစံ ပေါ်လာအောင် လှိုက်လှိုက်လှဲလှဲ မေတ္တာပို့။

တကယ်လို့ မောင်တုတ်ကို ပုံဖော်တဲ့အခါ၊ ဒေါသပုံကြီးတွေ ပေါ်လာမယ်ဆိုရင် ဘုရားစင်ရှေ့ သွား။

# ဗုဒ္ဓထံက စွမ်းအားယူပါ

ဗုဒ္ဓဆိုတဲ့ စိတ်သန့်စင် စက်ထဲမှာ ကိုယ့်စိတ်ကို ထည့်ပေးပါအုံး၊ ဗုဒ္ဓဆိုတဲ့ စိတ်ကောင်းထုတ်လုပ်တဲ့စက်ကြီးထဲမှာ ကိုယ့်စိတ်ကို ထည့်ပေးပါအုံး၊ ဗုဒ္ဓဆိုတဲ့ စိတ်အပူအအေးခံတဲ့ စက်ကြီးထဲမှာ စိတ်ကို ထည့်ပေးပါအုံး၊ ကိုယ်မစွမ်းဆောင်နိုင်ရင် ဘုရားဆီက အကူအညီ ယူရတယ်”

ဗုဒ္ဓရတနာဆိုတာ ဗုဒ္ဓဘာသာလို့ အမည်တပ်ပေးရုံ ပေါ်လာတာ မဟုတ်ဘူး၊ ဗုဒ္ဓဘာသာလို့ ကျဉ်းမြောင်းတဲ့ ဘောင်တံတိုင်း ခတ်ပေးဖို့ ပေါ်လာခဲ့တာ မဟုတ်ဘူး။

အေး... မပုတ်, မင်းတို့လို ဘဝခန္ဓာ အခက်အခဲ မျိုးစုံတွေ့သူ တွေကို အခက်အခဲ ပြေလည်အောင် ဖြေရှင်းပေးဖို့ ဗုဒ္ဓရတနာ

www.dhammaransi.com



ပေါ်လာတာ၊ ကိုယ့်ရဲ့ ပင်ကိုယ်စွမ်းအားနဲ့ မဖြေရှင်းနိုင်ဘူးဆိုရင် ဗုဒ္ဓထံက စွမ်းအားကို ယူအုံး၊ ဒါမှ နင့်စိတ်တွေ အေးလာလိမ့်မယ်၊ ရှင်းလာလိမ့်မယ်၊ သန့်စင်လာလိမ့်မယ်၊ ပင်ကိုယ် စိတ်ကောင်းလေးတွေ ပေါ်လာလိမ့်မယ်။

အဲဒီအခါမှ မောင်တုတ်ကို ပုံဖော်၊ ပင်ကိုယ် အတိုင်း ကောင်းကွက်ကို မြင်အောင် ကြည့်နိုင်တဲ့ ပုံပေါ်လာလိမ့်မယ်၊ ဖွဲ့ရှိပစေနော်၊ မလျှော့နဲ့ဟော့၊ ကိုယ့်ဘက်က စွမ်းအားရအောင် လှိုက်လှိုက်လှဲလှဲ မေတ္တာပို့ပါ။

"မှန်ပါ့ဘုရား၊ ဘုန်းကြီးအမိန့်အတိုင်း ပါဘုရား"

ဒေါ်ပုတ်ကြီး အိမ်ပြန်သွား၊ ရှေးဦးစွာ ဦးတုတ်ကို ပုံဖော်ကြည့်တယ်၊ မရဘူး၊ ဆဲဆို ကြိမ်မောင်းတဲ့ပုံကြီးတွေ ပေါ်လာတယ်၊ အရက် မူးနေတဲ့ ရုပ်ပျက်ဆင်းပျက် ပုံကြီးတွေ ပေါ်လာ တယ်။

F. 8A ဘာရမလဲ ငါ မတုတ်ဟဲ့ ဘုရားရဲ့သမီး၊ ဘုရားရဲ့တပည့် ဘုရားဆိုတာ ငါလိုပူလောင်သူကို

www.dhammaransi.com



အေးဖို့ပေါ်လာတယ်လို့ ခုန ဘုန်းကြီးက ဟော လိုက်တယ်၊ ဘုရားရှေ့ ငါသွားမှဖြစ်မယ်ဆိုပြီး ဘုရားစင်ရှေ့သွား (ငါးခုန်ဆရာတော်ကြီးလိုပေါ့)

ရှေးတုန်းက ငါးခုန်ဆရာတော်ကြီး ဆိုတာရှိတယ်၊ သူက စိတ်မှာ ကိလေသာတွေ ထူပူဝင်လာတဲ့အခါ ဘုရားရှေ့ ပြေးသတဲ့။

"မြတ်စွာဘုရား ဘုရားတပည့်တော် တပည့်ကြီးငါးခုန်၊ ကိလေသာတွေ လွှမ်းမိုးခံနေရ ပါပြီ ဘုရား"ဆိုပြီး မြတ်စွာဘုရားရဲ့ အရဟံ ဂုဏ်တော်တွေ လှိုက်လှိုက်လှဲလှဲ ပွားသတဲ့။

ဘုရားတပည့်တော် ငါးခုန်စိတ်ထဲမှာ ကိလေသာတွေ နှိပ်စက်လို့ နေပါပြီဆိုပြီး မြတ်စွာ ဘုရားရဲ့ အရဟံဂုဏ်တော်ကို လှိုက်လှိုက်လှဲလှဲပွား၊ ဘုရားရှေ့ သွားပြီး စိတ်တွေ သန့်ရှင်းအေးချမ်း သွားအောင်လို့။

အဲဒီအတိုင်းပဲ ဒေါ်ပုတ်ကြီးလဲ ဘုရားရှေ့ သွား၊ အရဟံစတဲ့ ဂုဏ်တော်တွေကို လှိုက်လှိုက် လှဲလှဲပွား၊ စိတ်အပူတွေကို အအေးခံတဲ့ စက်ကြီးနဲ့ တူတဲ့ ဗုဒ္ဓဂုဏ်တော်တွေကို ပွားထုံပေးလိုက်တော့ စိတ်တွေ ရှင်းသွားတယ်၊ ပူလောင်တဲ့ စိတ်တွေ အေးသွားတယ်။

www.dhammaransi.com



လူ့ရဲ့ ပင်ကိုယ်စိတ်ကလေးတွေ ပေါ်လာတယ်။ စောစောက မောဟအမှောင်ထဲနေရတဲ့ စိတ်ကိုဗျ။

* * *

www.dhammaransi.com

# စိတ်ဆိုသည်မှာ

စိတ်ဆိုတာ တရားလက်လွှတ်သွားရင် မောဟာအမှောင်ထဲကို ဝင်ခိုတယ်၊ အမှောင်ထဲ ဝင်ခိုသွားတာနဲ့ တစ်ပြိုင်နက် စိတ်ဟာ မှောင်တယ်၊ မှောင်တော့ မိုက်ပါရောဗျ။

မိုက်တာက စိတ်ကမိုက်တာ၊ နာမည် ပျက်တော့ လူက သွားပြီး နာမည်ပျက်တာ။

ဟော... စိတ်ကလေးက မိုက်ပါရော မိုက်တော့ ရိုင်းပါရောဗျ၊ ရိုင်းတော့ ရမ်းကား ပါရော၊ ရမ်းကားလိုက်တာမှ ကိုယ်ရောနှုတ်ရော အကူအညီ ယူလာတယ်၊ ရမ်းလာတော့ ဒုက္ခ ရောက်ပါရော၊ ပုထုဇဉ်ဟာ ဒီအတိုင်းပဲ သွား တယ်။

www.dhammaransi.com



တရားအလုပ်သာ လက်လွှတ်ရင် ပုထုဇဉ်ရဲ့ စိတ်ဟာ မောဟအမှောင်ထဲမှာ ဝင်ခိုတယ်၊ စိတ်ဟာ မှောင်တယ်၊ မှောင်တော့ မိုက်တယ်၊ မိုက်တော့ ရိုင်းတယ်၊ ရိုင်းတော့ရမ်းကားတယ်၊ ရမ်းကားတော့ ဒုက္ခရောက်တယ်၊ ကိုယ်နဲ့ဆက်စပ်သူတွေပါ အကုန်ဒုက္ခ ရောက်တတ်တယ်။

ဒါကြောင့် အဲသလို အပူတွေ မကူးစက်ရအောင် ကိုယ့် သဏ္ဍာန်မှာ ဖြစ်တဲ့ အပူဟာလဲ နည်းနည်းနှင့်ပြီးအောင် (အကြိမ် နည်းနည်းနှင့် ပြီးအောင် ပမာဏနည်းနည်းနှင့် ပြီးအောင်) စိတ်အပူကို အအေးခံတဲ့ စက်ကြီးထဲမှာ နေ့စဉ် ပုံမှန်ထည့်ပေးရမယ်။

ဒေါ်ပုတ်ကြီး ထည့်ပေးတော့ ဟန်ကိုကျလို့၊ စိတ်သန့်စင် လာတယ်၊ စိတ်အေးချမ်းလာတယ်၊ ဦးတုတ်ကြီးကို ပုံဖော်စမ်းကြည့်တယ်၊ မဆိုးဘူး၊ ကောင်းကွက်လေးတွေ မြင်လာတယ်။

* * *

www.dhammaransi.com

# နားလည်သူက ခွင့်လွှတ်ကြ

ဩော်... ပုထုဇဉ်ပဲဟယ်၊ ကိလေသာနဲ့ နေရတာ၊ ငါ့ဟာ ငါတောင်မှ သဘောမကျတာတွေ အများကြီး”လို့ ခွင့်လွှတ် စိတ်လေးတွေ ပေါ်လာတယ်။

ပင်ကိုယ်စိတ်လေးတွေ ပေါ်လာတော့ လူရဲ့ စိတ်ဟာ ဖြောင့်လာတယ်လေ၊ ခွင့်လွှတ်စိတ်လေးတွေ၊ သည်းခံစိတ်လေးတွေ ပေါ်လာတော့ မေတ္တာမွေးမြူရတာ မခက်ပဲဖြစ်သွားတယ်။

“ပုထုဇဉ်ပဲဟယ်၊ ငါ့ဟာငါတောင် သဘောမကျတာတွေ အများကြီး သူလဲ မိုက်တယ်သာပြောတယ်၊ ကောင်းကွက်တွေက အများကြီးရှိတာပဲ”လို့ ဘုရားထံမှ တရားစွမ်းအား အကူအညီ

www.dhammaransi.com



ကို ယူပြီးတော့ ဦးတုတ်ကြီးကို ပုံဖော်လိုက်တယ်၊ ပေါ်လာတယ်။

စောစောက ဒေါသ ပုံပေါ်လာတယ်၊ "ဒေါသပုံဟာ မကောင်းဘူးဟဲ့၊ သူလဲ အကျိုးမရှိ၊ ကိုယ်လဲအကျိုးမရှိ၊ ငါက မေတ္တာလိုချင်လို့ ကောင်းကွက်တွေကို သေသေချာချာ သတိ၊ ပညာနဲ့ ဖန်တီးပြီး မေတ္တာနဲ့ ပုံဖော်လိုက်တယ်။

ဦးတုတ်ကြီး ပုံပေါ်လာတယ်၊ ကောင်းကွက်ကို သေသေ ချာချာကြည့်၊ ကျေးဇူးကွက်ကို သေသေချာချာကြည့်၊ ပြီးတော့ ပြုံးကွက်လေးတွေကိုဖော်၊ ကျေးဇူးရှင် ဒါယကာကြီး ဦးတုတ်၊ ဘေးရန်ကင်းကွာ ကျန်းမာချမ်းသာပါစေ၊ မေတ္တာနှလုံးအလှဆုံးနဲ့ အိမ်ကနေပြီးတော့ အလုပ်ခွင်သွားတဲ့ ဒါယကာကြီး ဦးတုတ်ကို အလှဆင်နေပါတယ်။

မေတ္တာနှလုံး အလှဆုံးနဲ့ အလှဆင်တယ် "သူက မသိဘူး၊ ငါကသိတယ် မသိသူကို သိသူက ခွင့်လွှတ်ပေါ့"(ဒေါ်တုတ်တရား အသိလေးတွေ ပေါ်လာပုံလေးပါ)။

www.dhammaransi.com



သူက နားမလည်ဘူး၊ ငါကနားလည်တယ်၊ နားမလည်သူကို နားလည်သူက ခွင့်လွှတ်ပေါ့၊ ငါက အေးချမ်းမှုလိုချင်တာ၊ တရားစွမ်းအား လိုချင်တာ” အဲဒါနဲ့ မေတ္တာပို့တာ တော်တော်ဟာန်ကျသွားတယ်။

* * *

www.dhammaransi.com

# သတိမလွတ် ဝီရိယမရပ် ပညာမျက်စိမမှိတ်

"တရားဆိုတာ နေရာကျတုန်း ကြိုးစားဟဲ့ ဟန်ကျတုန်း ကြိုးစားဟဲ့ ဒီလိုစိတ်ကောင်းလေး ရဖို့ဆိုတာ မလွယ်ဘူး၊ ရတုန်း ကြိုးစားဟဲ့ဆိုပြီး သတိမပြတ် ပညာမျက်စိလေးဖွင့်ပြီး ကြိုးစားတယ်။

တရားလုပ်ငန်းရဲ့ သဘောက သတိမလွတ်၊ ဝီရိယမရပ် ပညာမျက်စိမမှိတ် ဆိုတဲ့ စကား (၃)ခွန်းပါပဲ။

အဲဒီပုံစံနဲ့ သွားလိုက်တာ မေတ္တာခံတော်တွေ ပို့လွှတ်၊ ဦးတုတ်ကြီးဆီ ကောင်းကောင်း ရောက်တယ်ဗျာ၊ ပြုံးကွက်လေးတွေကို ကျကျနန

www.dhammaransi.com



ဖော်ပြီး မေတ္တာပို့လွှတ်ပေးလိုက်တာ ဦးတုတ်ထံ ရောက်တယ် အသွားရှိတော့ အပြန်လာမယ်ပေါ့။

ညနေဘက်ရောက်လာပါပြီ၊ အဲဒီနေ့ အရက်သောက်လာတာ မတွေ့ရပါဘူး၊ "ဟေ့ မပုတ်၊ အလုပ်ပြီးပြီလား၊ မပြီးရင် အသေ" ဆိုတဲ့ စကားလဲ မကြားရဘူး၊ ဆဲသံဆိုသံလဲ မကြားရဘူး၊ အဲသလိုနဲ့ ဦးတုတ်ကြီးအိမ်ထဲ ဝင်လာတာတွေ့တော့ ဒေါ်တုတ်ကြီးက ကြုံးဝါး လိုက်တာ "ငါ့မေတ္တာအောင်ပြီဟဲ့ မေတ္တာနှလုံး အလှဆုံးဆိုတာ ဒါမျိုးကိုပြောတာ၊ ငါ့မေတ္တာ အောင်ပြီ"

ဒီလောက် နည်းနည်းပါးပါးပို့တဲ့ မေတ္တာ တောင် သူ့ထံရောက်မှတော့ ဒီထက်တိုးရုံပဲရှိတာ မဟုတ်လား၊ လက်တွေ့တွေ့ပြီ ဆိုတော့ ကြိုးစား ရုံပဲပေါ့၊ မျက်မှောက်မေတ္တာလဲ စိတ်ထဲက ရှူးရှူး စိုက်စိုက် ပို့လိုက်တယ်။

* * *

www.dhammaransi.com

## မေတ္တာစကား

အဲဒါနဲ့ မေတ္တာဓာတ်တွေက သူ့ဆီ ရောက်ပြီဆိုတော့ မေတ္တာစကား ပြောရတာ ပေါ့လေ။

"ကိုတုတ်ရယ်၊ လူစစ်စစ်က ဘီလူးဖြစ်စေတဲ့ အရက်တော့ မသောက်တာကောင်းပါတယ်။ လူလဲအထင်သေးခံရ၊ အိမ်ပြန်ရောက်လာရင် ဆဲလားဆိုလား ကြိမ်းလားမောင်းလားနဲ့ လူစိတ်တွေ ပျောက်၊ လူပုံတွေပျောက်၊ အိမ်လဲကျက်သရေ မရှိ လူ့ချမ်းသာဆိုတာ ဘာခေါ်တာတဲ့လဲ၊ အစိပ္ပါယ် ကင်းမဲ့နေပြီ ဒီတော့ စိတ်ချမ်းသာကြရအောင်၊ ရတနာသုံးပါး ဦးထိပ်ထား၊ မေတ္တာနှလုံး သားနဲ့ အလှူဆင်သွားတာကောင်းပါတယ်"

www.dhammaransi.com



အဲသလို နေ့တိုင်းစည်းရုံးတယ်၊ စည်းရုံးဖန်များလာတော့ (မေတ္တာနှလုံးသားနဲ့ စည်းရုံးတာမို့) အောင်မြင်ပါတယ်။

တိုတိုတုတ်တုတ် ပြောရရင် ဦးတုတ်ကြီးလုံး၀ ပုံပြောင်းသွားတယ်၊ ဘာကြောင့်လို့လဲ၊ ဘုရားဒကာကြီး ဦးတုတ်၊ ဘုရားအမကြီး ဒေါ်ပုတ်၊ ကျောင်းဒကာကြီး ဦးတုတ်၊ ကျောင်းအမကြီး ဒေါ်ပုတ်နဲ့ ရပ်ကွက်ထဲဦးတုတ်နဲ့ ပေါ်ပုတ် မပါရင် အလုပ်ကို မပြီးတော့ဘူး၊ အားလုံးက ချစ်လိုက်ကြတာ၊ ခင်လိုက်ကြတာ၊ မြတ်နိုးလိုက်ကြတာ။

* * *

# ဘုရားသွားအတူတူ

တစ်ခါတုန်းက ဆဲသံဆိုသံ ကြိမ်းမောင်းသံနဲ့ ဆူဆူညံညံ ပူပူလောင်လောင် ကြားရတဲ့အိမ်ယခုတော့ နားတောင် မယုံနိုင်စရာ၊ မျက်စိတောင် မယုံနိုင်စရာ။

မနက်အိပ်ရာထလာတာနဲ့ ဘုရားရှိခိုးတဲ့အသံ၊ မေတ္တာပို့တဲ့ အသံတွေ၊ ကြေးစည်လေး တနောင်နောင်နဲ့ အမျှပေးဝေတဲ့ အသံတွေ တစ်ရပ်ကွက်လုံး တစ်ရွာလုံး အေးချမ်းတဲ့အသံတွေ လွှမ်းပြီးနေတယ်။

တစ်ရွာလုံး တစ်ရပ်ကွက်လုံးကို အံ့အားသင့်ကုန်ကြတယ်။ "ဘယ်လို ဖြစ်ကုန်တာလဲ၊ ဒီဇနီးမောင်နှံ နှစ်ယောက်ကလဲဟယ်၊ စောစောက

www.dhammaransi.com



ဆို ဆိုးလိုက်မိုက်လိုက်တူးလိုက်တာ မပြောနဲ့ လူတွေမှ ဟုတ်ရဲ့လားတောင် ထင်ရတယ်၊ အခု ကြည့်စမ်း ဘယ်လိုတွေ ဖြစ်ကုန်သလဲ မသိဘူး။

တစ်ယောက်နဲ့ တစ်ယောက် ချစ်လိုက်တာ၊ ခင်လိုက်တာ၊ မြတ်နိုးလိုက်၊ လေးစားလိုက်ကြတာ၊ ဘုရားသွားအတူတူ၊ ကျောင်းသွား အတူတူနဲ့ ဥပုသ်နေ့များဆို သူတို့ ဥပုသ်အမြဲစောင့်တယ်၊ ရပ်ကွက်ထဲရွာထဲဆိုလဲ ကောင်းကျိုးပြု အလုပ်တွေ လုပ်လိုက်တာ လိုအပ်တဲ့နေရာ အကုန်လုံး အသိ စိတ်လေးတွေနဲ့ ဆောင်ရွက်လို့ မေတ္တာနှလုံး အလှဆုံး ပုံစံနဲ့ သွားကြတာ ဦးတုတ်ရော၊ ဒေါ်ပုတ်ပါ တရားအသိ လေးတွေ ရသွားတာပေါ့။

* * *

www.dhammaransi.com

# မေတ္တာနှလုံးသားပိုင်ရှင်

အေး . . . ဒို့အခု လူလိုသိပြီ၊ ရှေ့ဆက်ပြီး လူလိုသိအောင် ကြိုးစားကြစို့ရဲ့၊ နောက်နောင် သံသရာခရီးသွားတဲ့အခါ၊ အခုလို ပူလောင်တဲ့ ဘဝကြီးနဲ့ မသွားပါရစေနဲ့တော့။

မှန်ကန်တဲ့ တရားအသိလေးနဲ့ စင်ကြယ်စွာနဲ့ နိဗ္ဗာန်ရောက်သည်အထိ လမ်းကြောင်း ရှင်းရှင်းလေးနဲ့ အေးချမ်းတည်ငြိမ်စွာနဲ့ ဒို့သွားနိုင်ပါရစေတော့လို့ ကံအထိန်းခလုတ် အသိဉာဏ်ကို တပ်ဆင်ပြီး ကြိုးစားသွားလိုက်တာ၊ လောက အတွက်လဲအကျိုးရှိ သံသရာ အတွက်လဲအကျိုးရှိ။

ဒို့ကို လူလို သိအောင် လမ်းညွှန်တဲ့ သာသနာ၊ ကြာကြာတည် စေရမယ်ဟဲ့၊ ပြန့်ပွား

www.dhammaransi.com



စေရမယ်ဟဲ့၊ အဲသလို သဒ္ဓါပညာ မေတ္တာနဲ့ ပစ္စယာနုဂ္ဂဟနဲ့ ချီးမြှောက်၊ ကိုယ်တိုင်လဲကျင့်သုံး လိုက်နာ၊ ကိုယ့်ဟာကိုယ်လဲအလှူဆင် အများကိုလဲ အလှူဆင်ပေါ့။

ဘဝကို တစ်ခါတည်း ပြောင်းသွားတာ၊ ဒါကြောင့် လူဆိုတာ ပြုပြင်ရင် ဖြစ်တာချည်းပဲ၊ မေတ္တာနှလုံးသားပိုင်ရှင်ကို ဘယ်သူ မနှစ်သက်ဘဲ ရှိမလဲ၊ မေတ္တာတရားနဲ့ အလှူဆင်ပြီး နေကြတော့ အင်မတန် ပျော်ရွှင်ကြည်နူးစရာပါပဲ။

* * *

www.dhammaransi.com

# ရတနာထုပ်ကြီးဖြစ်အောင်

သာသနာကို အကြောင်းပြုပြီး ရလာတဲ့ စွမ်းအားနဲ့ ကိုယ့်ရဲ့စားဝတ်နေရေး အလုပ်တွေကို ပုံစံပြောင်းယူကြရမယ်၊ ပုံစံပြောင်းတတ်ရမယ်။

အိုထုပ်, နာထုပ်, သေထုပ်ကြီးကို ရတနာထုပ်ကြီးအဖြစ် ပုံစံပြောင်းပြီးတော့ သုံးတတ်ရမယ်၊ အိုစာ, နာစာ, သေစာတွေကို ရတနာပုံစံ လိမ်မာပါးနပ်စွာနဲ့ သုံးတတ်ရမယ်။

နေ့စဉ်ရှာတဲ့ ပစ္စည်းတွေ အမှိုက်ထဲ ပါမသွားစေရဘူး၊ အဆိပ် ဖြစ်မသွားစေရဘူး၊ ဒါန, သီလ, သမထ, ဝိပဿနာဆိုတဲ့ အဖိုးတန် ရတနာစွမ်းအားတွေနဲ့ ရအောင်ယူနိုင်ရမယ်။

ဒါကြောင့် မေတ္တာနှလုံးနဲ့ အလှဆင်တဲ့ ပုဂ္ဂိုလ် လောကထဲမှာ အလှဆုံးပုံစံနဲ့ ကျက်သရေ ရှိကြတာချည်းပဲ။

* * *

F. 9A

www.dhammaransi.com

# ရှိတိုင်းချမ်းသာတာမဟုတ်

မတူးနဲ့ မထူးဆိုတဲ့ အပျိုကြီးညီအစ်မ နှစ်ယောက်ရှိတယ်။ သူတို့မိဘများ ပစ္စည်း အလွန်ပေါ၊ တစ်ရွာလုံးရဲ့ မျက်နှာဖုံး၊ ဘုရားဒကာ, ဘုရားအမ, ကျောင်းဒကာ ကျောင်းအမတွေပေါ့။

ညီအစ်မနှစ်ယောက် မိဘ ရှိစဉ်က အင်မတန်မှ ချစ်ကြခင်ကြ ညီညွတ်ကြ, မိဘနှစ်ပါး လဲ ကွယ်လွန်သွားရော၊ ညီအစ်မနှစ်ယောက်လဲ အမွေကိစ္စနဲ့ စကားမပြောနိုင်ကြတော့ဘူး။

လောကမှာ ပြောကြတယ်လေ၊ ဘယ်သူက ပစ္စည်း အရမ်း ချမ်းသာလို့ ချမ်းသာတာတောင် ရိုးရိုးမဟုတ်ဖူး "အရမ်း"ကပါသေး။

F. ୨B

www.dhammaransi.com



ဟော မတူးတို့ မထူးတို့ အရမ်းကို ချမ်းသာကုန်ကြပြီ သူတို့ ချမ်းသာတာက ပြုံးရာက မဲ့ကုန်ကြပြီ၊ အေးရာက ပူလောင် ကုန်ကြပြီ၊ ပျော်ရာက ချုံးချငိုစရာတွေ ရန်ဖြစ်စရာတွေ ဖြစ်ကုန် ကြပြီ၊ ရှိတိုင်းချမ်းသာတာမှ မဟုတ်ပဲဗျ။

လူ့ချမ်းသာရဲ့ အနှစ်ချုပ်ဆိုတာ စိတ်သန့်ရှင်း စင်ကြယ်မှုသာ ပဓာန၊ သူတို့အမြင်မှ မရှင်းတော့ပဲ၊ စိတ်မကြည်လင်ဘူးဆိုရင် ဘာရှိရှိ ဒုက္ခချည်းပဲ။

အင်မတန်မှ ချစ်တဲ့ ညီအစ်မနှစ်ယောက်ကို သွေးကွဲသွားအောင် ခွဲပစ်တာက ပစ္စည်းပဲ(အဓိက ဒေါသရင်းခံပေါ့)။

* * *

www.dhammaransi.com

# ပစ္စည်းက ရန်တိုက်တယ်

လောကရဲ့ အကြီးမားဆုံးသော ခွဲအား ဆိုတာ ဒေါသတရား၊ နှစ်ယောက်ထဲသာရှိတဲ့ အပျိုကြီး ညီအစ်မကို စကားမပြောနိုင်အောင် ခွဲပစ်တာ ဒေါသတရား၊ ပစ္စည်းက ရန်တိုက်တော့ ဒေါသက ခွဲပစ်လိုက်တာပေါ့။

နှစ်ယောက် မျက်နှာချင်းဆိုင်လို့ မရဘူး၊ တစ်ယောက်မျက်နှာ တစ်ယောက် လုံးဝ ကြည့်လို့ မရဘူး။

အိမ်နှစ်ထပ်ရှိတယ်၊ အိမ်နှစ်ထပ်မှာ လှေကား တစ်ခုထဲ၊ အပေါ်ထပ်တက်တဲ့ လှေကားတစ်ခုထဲ အတွင်းကဝင် တက်ရပဲ။

www.dhammaransi.com



နှစ်ယောက်မတည့်တော့ (တစ်ယောက် တစ်ထပ် စီနေကြတော့) အတွင်းလှေကားဖြုတ် တစ်နေရာကနေပြီး အပေါ်တက်လို့ ဖြစ်အောင် ပြောင်းတယ်။

အပေါ်ထပ်မှာ အစ်မဖြစ်တဲ့ မတူး၊ အောက်ထပ်မှာ ညီမဖြစ်တဲ့ မထူး၊ နှစ်ယောက် (၁)ထပ်စီနေကြတယ်။

တစ်ခါ (၂)ဝင်းဖြစ်အောင် အုတ်တံတိုင်း ကိုလဲ၊ တစ်နေရာက ခြားလိုက်ရတယ်၊ နေတာက နှစ်ယောက်ထဲ၊ သို့သော်လဲ ခြောက်ကပ်ကြီး။

ဒေါ်သအခိုးအလျှံတွေ တပြောင်ပြောင်နဲ့ အိမ်ကြီးတစ်ခုလုံး ဘာကျက်သရေမှ မရှိတော့၊ ရွှေရှိတယ်ပြောပြော၊ ငွေရှိတယ်ပြောပြော၊ ဘာ ပစ္စည်းတွေရှိတယ်ပြောပြော၊ ခြောက်ကပ်ကြီး ဖြစ်နေတယ်။

အပေါ်ထပ်မှာနေတဲ့ မတူးကလဲ ကြမ်း ပေါက် တွေဖောက်၊ ရေတွေသွန်ချ၊ အမှိုက် တွေသွန်ချ (သူက နိုင်တယ်ပေါ့လေ)။

အဲသလိုနဲ့ နေလိုက်ကြတာ တစ်ထပ်စီ နေတယ်လို့သာ ပြောကြတာ၊ ငြိမ်းချမ်းစွာ

www.dhammaransi.com



နေတာမဟုတ်၊ အပေါ်ထပ်က အစ်မက လှမ်းဆဲလိုက်၊ အောက်ထပ်က ညီမက ပြန်အော်ဆဲလိုက်၊ ကျက်သရေ လုံးဝမရှိ။

အိမ်နီးချင်းတွေ တော်တော်ပူလောင်ကြတယ်၊ ဘယ်လိုဖြစ်တာ လဲညီမ (၂)ယောက်ကလဲ၊ ဒီလိုတောင်ဖြစ်ကုန်ကြတယ်၊ အဲသလို ပူလောင်စွာနဲ့ အမွေကိစ္စအတွက်၊ စကားမပြောနိုင်အောင် ဖြစ်နေကြတယ်။

* * *

www.dhammaransi.com

# ကောင်းကွက်တွေကို
# မြင်အောင်ကြည့်

ဒီအကြောင်းကို သူတို့မိဘများရှိစဉ်က ကိုးကွယ်ခဲ့တဲ့ ဘုန်းကြီးကကြားတော့ အကြီးမ မတူးက ကျွတ်ဆတ်ဆတ်နဲ့ ပြောလို့ရမှာ မဟုတ်ဘူး၊ အငယ်မခေါ်မှဆိုပြီး အငယ်မခေါ်ခိုင်း တော့ ရောက်လာ။

"ဟဲ့ မထူး၊ နင်တို့လူလား၊ ဘီလူးလား"

"တပည့်တော်မတို့ လူတွေပါဘုရား"

"အေး လူဆိုလူလိုနေ နင်တို့ဘီလူးထက် ဆိုးကုန်ပြီ၊ နင်တို့ဟာ အငတ်ငတ်အပြတ်ပြတ် စားရမဲ့ သောက်ရမဲ့ ဘ၀တွေလဲ မဟုတ်ဖူး၊ နင်တို့ဟာ ဘုရားဒကာ၊ ဘုရားအမ, ကျောင်း ဒကာ ကျောင်းအမ သမီးတွေ ရွာရဲ့မျက်နှာဖုံး၊

www.dhammaransi.com



ဒီတော့ လူဟာ လူလိုနေကွယ်၊ ကဲ...မထူး မင်းက အငယ် ”

ဒေါ်ပုတ်ကြီးကို ဆုံးမသလိုပဲလေ ဆရာတော်က–

“မင်းက အငယ်ဆိုတော့ မေတ္တာပို့၊ ဖြစ်တဲ့နည်းနဲ့ မေတ္တာပို့ မေတ္တာပို့လို့မရရင်၊ ဘုရားထံမှာ စိတ်သန့်စင်ပေး၊ စိတ်ကိုဆေးကြောပေး၊ စိတ်ကောင်းထုတ်လုပ်ပေး၊ နင့်အပေါ်မှာ နင့်အစ်မ ကျေးဇူးပြုခဲ့တာတွေ အများကြီး၊ အဲဒီကောင်းကွက်ကို သေသေချာချာမြင်အောင်ကြည့်”

“မှန်ပါ ဘုန်းကြီး အမိန့်အတိုင်းပါဘုရား”

အိမ်ပြန်၊ မေတ္တာပို့၊ ပို့လို့မရတော့ဘုရားရှေ့သွား၊ ဘုရားအာရုံပြု၊ စိတ်သန့်စင်၊ စိတ်ကောင်းလေး တွေပေါ်လာ၊ သူ့အစ်မ ပုံဖော်စမ်းကြည့်။

“ဟာ... ဟုတ်သားပဲ၊ ငါ့အပေါ်မှာ ငါ့အစ်မ ကျေးဇူးတွေ အများကြီးပါလား”

အဲသလို ကောင်းကွက်တွေဖော်လို့ ရလာတယ်၊ ပင်ကိုယ်စိတ် ကလေးတွေ ပေါ်လာ

www.dhammaransi.com



ပြီလေ၊ စောစောက သူများစိတ်ကြောင့်သာ ပူလောင်နေတာကိုးဗျ။

ကိလေသာဆိုတာ သူများစိတ်တွေ၊ ကိုယ့်စိတ်တွေမှ မဟုတ်ပဲ၊ အဲဒါနဲ့ အစ်မဖြစ်တဲ့ မတူးရဲ့ပုံဖော်၊ ကောင်းကွက်တွေ မြင်အောင် ကြည့်၊ ပြုံးကွက်လေးတွေဖော်၊ ကျေးဇူးရှင် အစ်မဖြစ်တဲ့ မတူး ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာပါစေလို့ လှိုက်လှိုက်လှဲလှဲ မေတ္တာပို့။

ရောက်သွားပြီ၊ အစ်မဆီကို မေတ္တာ ဓာတ်တွေ ရောက်သွားပြီ၊ တစ်ရက်လဲ မဟုတ်၊ နှစ်ရက်လဲမဟုတ်၊ နေ့စဉ် လှိုက်လှိုက်လှဲလှဲ ဘုရားအကူအညီနဲ့ မေတ္တာပို့နေတယ်။

* * *

www.dhammaransi.com

# မေတ္တာနှလုံး အလှဆုံး

မနေနိုင်ဘူး၊ အိမ်အပေါ်ထပ်က မတူး၊ အောက်ထပ်ဆင်းပြီးတော့ ပြောလာတယ်။

"ညီမရယ်၊ အစ်မမှားတာပါနော်၊ အစ်မကို သည်းခံပါ၊ ခွင့်လွှတ်ပါ"

"မဟုတ်ပါဘူးအစ်မရယ်၊ ညီမမှားတာပါ"

တစ်ယောက်နဲ့တစ်ယောက် ဖြောင့်ချက် ပေးလာကြတယ်၊ စောစောကတော့ နင်မှားတာ, နင်မှားတာ, နင်မှားတာနဲ့ တစ်ယောက်နဲ့ တစ်ယောက် လက်ညှိုးထိုးကြတယ်။

အကြီးမားဆုံး ခွဲအားကြောင့် ကိုယ့်ကိုယ်ကို တရားခံ မလုပ်နိုင်ကြဘူး၊ ဟော... အခုတော့ ကိုယ့်ကိုယ်ကို တရားခံ လုပ်နိုင်ကြတယ်။ မေတ္တာလေးတွေ ခန္တီလေးတွေ ဝင်လာတယ်။

www.dhammaransi.com



အဲဒါနဲ့ ဟိုကလဲ“ အစ်မမှားတာပါ ညီမရယ်၊ မဟုတ်ပါဘူး၊ အစ်မရယ် ညီမမှားတာပါ၊ သည်းခံပါ၊ ခွင့်လွှတ်ပါ၊ ”အစရှိသည်ဖြင့် အဲဒီကစပြီး မေတ္တာနှလုံးအလှဆုံးပုံစံနဲ့ တည့်သွားလိုက်ကြတာ။

“ညီအစ်မနှစ်ယောက်ထဲ ဘယ်နှယ်လုပ်လေ့ကားကြီးဘေးက သွားထောင်တာလဲ၊ အမိပွါယ် ကင်းမဲ့လိုက်တာ ဖြုတ်ချ အရင်အတိုင်း အထဲက ပြန်တပ်”

“ဘယ့်နှယ်၊ နှစ်ယောက်ထဲနေတာ၊ အုတ်တံတိုင်းကြီး ခတ်ရတယ်လို့ အမိပွါယ် ကင်းမဲ့လိုက်တာ ဖြိုချ”

အဲဒီကစပြီး တည့်သွားလိုက်ကြတာ မိဘအမွေဖြစ်တဲ့ တရား အမွေပါယူလို့ ဘုရားအမတွေ၊ ကျောင်းအမတွေ သာသနာအတွက် အကျိုးများတဲ့ အမျိုးကောင်းသမီးတွေဖြစ်လို့၊ ပတ်ဝန်းကျင်က ချစ်ကြခင်ကြ၊ လေးစားကြ၊ မြတ်နိုးကြ၊ ပျားကောင်ပမာဖြောင့်မှန်စွာ အလှဆင်သွားတဲ့ အမျိုးကောင်းသမီးတွေ ဖြစ်ပြီးတော့ သွားရတယ်။

www.dhammaransi.com



ဒါကြောင့် မေတ္တာနှလုံး၊ အလှဆုံး အပြန် အားဖြင့် ဒေါသနှလုံး အဆိုးဆုံး၊ လောကကြီးဟာ မေတ္တာတရားနဲ့ နေကြမယ်ဆိုရင်ပေါ့၊ အထက်က ပြောခဲ့တဲ့ ဘာသာအားလုံးတို့ရဲ့ တစ်ခုတည်းသော ပေါင်းဆုံရာတရား၊ လူမျိုးအားလုံးတို့ရဲ့ တစ်ခု တည်းသော ပေါင်းဆုံရာ တရား၊ သတ္တဝါအားလုံး တို့ရဲ့ တစ်ခုတည်းသော ပေါင်းဆုံရာတရား။

ဒါကြောင့် မေတ္တာနှလုံးဖြင့် ဝိုင်းဝန်းပြီး ဆောင်ရွက်လိုက်ကြတာ သာသနာအတွက်လဲ အလွန်အကျိုးများတယ်၊ နောင်လာနောက်သား သားစဉ်မြေးဆက်တွေ အတွက်လဲ၊ ဂုဏ်ယူစရာ စွမ်းအားကြီးတွေ အများကြီးရကြပြီ၊ ဆင်းရဲ ခပ်သိမ်း လွတ်ငြိမ်းရာ နိဗ္ဗာန်အထိ ဦးတည်ကြရ အောင်ပေါ့။

ဒါကြောင့် ကတပုညံ၊ ပြုအပ်ပြီးသော ကောင်းမှုရှိသည်၏ အဖြစ်ကို ကတပုညတာ၊ မေတ္တာနှလုံး အလှဆုံးကြောင့် ရွှင်ပြုံး ကြည်သာ ကောင်းစွာပွားတိုး၊ လူ့တန်ခိုးကို၊ ပဏ္ဍိတာ၊ ဘုရား အစရှိသော ပညာရှိ သူတော်ကောင်း

www.dhammaransi.com



တို့သည်၊ ပသံသန္တိ၊ ကောင်းစွာမသွေ ချီးမွမ်းတော်မူကြလေကုန်သတည်း။

မေတ္တာနှလုံး အလှဆုံး တရားနာကြားဖတ်ရှုကြသော ဓမ္မသဃဝနာ မင်္ဂလာနဲ့၊ ကောင်းမှုစွမ်းအား မြတ်တရားတွေကြောင့်၊ ဘေးရန်အပူခပ်သိမ်း လွတ်ငြိမ်းကြ၍၊ ကောင်းကျိုးကျက်သရေမင်္ဂလာမြတ်ကို တိုးတက်ပြည့်စုံကြပြီးလျှင်ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် အားကိုးစရာကောင်းမှုကိုယ်ပိုင် တရားတွေအမှိုက်ပုံထဲက ရွှေထုပ်ကြီးများကောက်နေဘိသကဲ့သို့ နေ့စဉ် မကင်းနိုင်တဲ့၊ စားဝတ်နေရေး၊ လူမှုရေးစတဲ့ ကိစ္စမျိုးစုံ အမှိုက်ပုံကြီးထဲမှ သာသနာအသိဉာဏ်၊ သမ္မာဒိဋ္ဌိ မျက်လုံးကို တပ်ဆင်၍ဒါန၊ ဝိပဿနာစတဲ့ ရွှေထုပ်ကြီးတွေ အိမ်မှာနေရင်း၊ လုပ်ငန်းခွင်မှာနေရင်း၊ အထုပ်လိုက်အထုပ်လိုက် ရအောင် လိမ္မာပါးနပ်စွာ ကောက်ယူနိုင်လွယ်ကြပါစေကုန်သတည်း။

ကောက်ယူနိုင်လွယ်ကြ၍၊ အပူအလွန်ပေါတဲ့ လူ့လောကကြီး ထဲမှာ တရားစွမ်းအားဖြင့်

www.dhammaransi.com



တစ်ဘဝလုံး တည်ငြိမ်ရင့်ကျက် အေးချမ်းပျော်ရွှင်စွာ နေနိုင်ကြပြီးလျှင် ဆင်းရဲခပ်သိမ်း လွတ်ငြိမ်းရာ အသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို လွယ်ကူသောအကျင့် လျင်မြန်သော အသိဉာဏ်ဖြင့် အရဟတ္တဖိုလ်ပေါက် မျက်မှောက်ပြုလွယ် ရလွယ်နိုင်ကြပါစေကုန်သတည်း။

* * *

www.dhammaransi.com

သတိက ပစ္စုပ္ပန်တိုင်း မြတ်နိုးပါ၊ ပစ္စုပ္ပန်တိုင်း လေးစားပါ၊ ပစ္စုပ္ပန်တိုင်း တန်ဖိုးထားပါ၊ သင်မြတ်နိုးသော တန်ခိုးသည် ပစ္စုပ္ပန်ထဲ၌ အပြည့်ပါသည်၊ ခွဲဖြစ်အောင် ခွဲထုတ်ယူပါ။

တိပိဋကရေ
(ယော)ဆရာတော်

www.dhammaransi.com

တရားမပါပဲတော့ အာရုံနဲ့စိတ် အဆင်ပြေမှာ မဟုတ်ဖူးပေါ့၊ ဒါကြောင့် ပစ္စုပ္ပန်မှာ ဘယ်အာရုံနဲ့တွေ့တွေ့ တွေ့သမျှ အာရုံနဲ့ အဆင်ပြေအောင် တည်ငြိမ်ရင့်ကျက်အေးချမ်းပျော်ရွှင်စွာ နေတတ်ခြင်းဟာ လူ့ဘဝရဲ့ ပထမ ရလဒ်ပါ၊

တိပိဋကဓရ
(ယော)ဆရာတော်

www.dhammaransi.com

# မေတ္တာနှလုံးအလှဆုံး

တိပိဋကဓရ(ယော)ဆရာတော်

